United Nations

A/HRC/54/19

General Assembly

Distr.: General
30 June 2023

Original: English

**လူ့အခွင့်အရေးကောင်စီ**

**ငါးဆယ့်လေးကြိမ်မြောက် အစည်းအဝေး**

၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက် - အောက်တိုဘာလ ၆ ရက်

အစည်းအဝေး အစီအစဉ် အမှတ် ၄

**ကောင်စီ၏ သတိမူရမည့် လူ့အခွင့်အရေး အခြေအနေများ**

# မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား၏ အစီရင်ခံစာ

*အစီရင်ခံစာ အကျဉ်း*

လက်ရှိစာတမ်းသည် လူ့အခွင့်အရေးကောင်စီ၏ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့ ဆုံးဖြတ်ချက်အမှတ် ၃၉/၂ အရ ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရားမှ ကောင်စီသို့ ပဉ္စမအကြိမ်မြောက် တင်သွင်းသည့် အစီရင်ခံစာ ဖြစ်သည်။ ဤအစီရင်ခံစာတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ အထိ ယန္တရား၏ လုပ်ကိုင်ဆောင်ရွက်မှုများ ပါဝင်ပါသည်။

လုပ်ငန်းစတင်မှု လေးနှစ်တာကြာရှိပြီးနောက်၊ ယန္တရားသည် မြန်မာနိုင်ငံ၏ ယိုယွင်းလာနေသောအခြေအနေများကို မျက်ခြေမပြတ် ဆက်လက်စောင့်ကြည့်စုံစမ်းမှုများ လုပ်ဆောင်နေပါသည်။ ဤအစီရင်ခံစာကာလအတွင်း လက်နက်ကိုင်ပဋိပက္ခများ သိသိသာသာ ပြင်းထန်လာသည်။ မြန်မာပြည်သူများအပေါ် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်နေသည့် ခိုင်မာသော သက်သေအထောက်အထားများရှိကြောင်း ယန္တရား၏ ယခင်အကဲဖြတ်ချက် အတိုင်း ထပ်လောင်းပြောကြားလိုပါသည်။ ဤအကြမ်းဖက်မှုများ အဆုံးသတ်မည့် အလားအလာ

မမြင်ရသောကြောင့် ယန္တရား၏ တရားမျှတမှုဖြစ်ထွန်းရေးနှင့် တာဝန်ခံမှုရှိရေးလုပ်ငန်းသည် ယခင်ကထက်ပင် ပိုမိုအကျိုးဝင်သက်ဆိုင်ပြီး လိုအပ်လာပါသည်။

ယန္တရား၏လုပ်ပိုင်ခွင့်များကို လုပ်ဆောင်ရာတွင် ထင်ရှားသောတိုးတက်မှုများ အစဉ်တစိုက် ရရှိခဲ့သည်။ ဒုက္ခသည်စခန်းများနှင့် အခြားနေရာများသို့ စုံစမ်းရေးမစ်ရှင်များစွာ သွားရောက်ခြင်း၊ မျက်မြင်သက်သေများ၊ အသက်ရှင်ကျန်ရစ်သူများ၊ ထွက်ပြေးလာသူများနှင့် လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်ခြင်းဖြင့် စုဆောင်းရရှိထားသော သက်သေခံအထောက်အထား ပမာဏ သိသိသာသာ တိုးမြင့်လာပါသည်။ ယန္တရားသည် ဓာတ်ပုံများ၊ ဗီဒီယိုများ၊ အသံဖိုင်များ၊ စာရွက်စာတမ်းများ၊ မြေပုံများ၊ ဂြိုလ်တုပုံရိပ်များ၊ လူမှုကွန်ရက်မီဒီယာ သတင်းများနှင့် မှုခင်းဆိုင်ရာ မှတ်တမ်းများကဲ့သို့သော နောက်ထပ်အထောက်အထားသစ်များကို ဆက်လက်စုဆောင်းခဲ့သည်။ အစီရင်ခံသည့်ကာလအဆုံးထိ၊ ယန္တရားသည် သတင်းအချက်အလက် သန်းပေါင်းများစွာကို စုဆောင်းခဲ့ပြီး သတင်းရင်းမြစ်များနှင့် သတင်းအချက်အလက်ပေးပို့သူပေါင်း (၇၀၀) ကျော်နှင့် ထိတွေ့ဆက်ဆံခဲ့သည်။ စုဆောင်းရရှိထားသော အထောက်အထားများသည် မြန်မာနိုင်ငံရှိ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများတွင် တာဝန်ရှိသူတစ်ဦးချင်း၏ ရာဇဝတ်ကျူးလွန်မှုများကို သက်သေပြရန် ယန္တရားအား အမှုတွဲဖိုင်များနှင့် စိစစ်သုံးသပ်ချက်များ ဆက်လက် ပြင်ဆင်နိုင်စေမည်ဖြစ်သည်။

ယန္တရားသည် စုဆောင်းရရှိထားသော အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို ဆောင်ရွက်ဆဲ တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန်အတွက် မျှဝေပေးပါသည်။ အစီရင်ခံသည့်ကာလအတွင်း၊ ယန္တရားသည် နိုင်ငံတွင်းနှင့် နိုင်ငံတကာအဆင့်တရားရုံးများ သို့မဟုတ် ခုံရုံးများထံ မျှဝေရန် အဓိက ခွဲခြမ်းစိတ်ဖြာမှုအစီရင်ခံစာ (၃) မျိုး အပြီးသတ်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအစီရင်ခံစာများမှာ- မြန်မာစစ်တပ်အတွင်း ဖွဲ့စည်းပုံနှင့် အဆင့်ဆင့် အစီရင်ခံမှုလမ်းကြောင်း၊ လိင်နှင့် ကျားမအခြေပြု ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် အပြစ်ပေးရန် မြန်မာအာဏာပိုင်များ၏ ပျက်ကွက်မှု၊ ၂၀၁၇ ခုနှစ် "ရှင်းလင်းစစ်ဆင်ရေး" မလုပ်ဆောင်မီ၊ လုပ်ဆောင်စဉ်နှင့် လုပ်ဆောင်ပြီးကာလများတွင် မြန်မာစစ်တပ်မှ ဖေ့စ်ဘုတ်ပေါ်တွင် အမုန်းစကားများ စနစ်တကျ ဖြန့်ချိမှု တို့ ဖြစ်ပါသည်။

ယန္တရားသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်ရန်အတွက် အရေးပါသောခြေလှမ်းများ ချမှတ်ခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မြေပြင် သတင်းအချက်အလက်ရရှိမှုနှင့် သက်သေဖြစ်နိုင်ချေရှိသူများနှင့်ဆက်သွယ်မှုရှိခြင်းကြောင့် ယန္တရား၏လုပ်ငန်းအတွက် အရေးကြီးသော အထောက်အပံ့ကိုပေးသည်။ ၂၀၂၃ ခုနှစ် ဒုတိယသုံးလပတ်တွင် ယန္တရားသည် ပထမဆုံးသော အရပ်ဘက်လူ့အဖွဲ့အစည်းဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး၊ သက်ဆိုင်ရာအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လက်တွဲဆောင်ရွက်မှုများ ပိုမိုခိုင်မြဲလာသည့်အပြင်၊ စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်း လုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေပါသည်။ ယန္တရားသည် ဤဆွေးနွေးပွဲများကို ပုံမှန်လုပ်ဆောင်သွားမည်ဖြစ်ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ တိုးမြှင့်ရန်လုပ်ဆောင်ရေးသည် ယန္တရား၏ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။

# မာတိကာ

*စာမျက်နှာ*


I. နိဒါန်း ၅

II. အချက်အလက်နှင့် အထောက်အထားများ စုဆောင်းခြင်း၊ စိစစ်သုံးသပ်ခြင်း နှင့် စီမံခန့်ခွဲခြင်း ၆

III. ရိုဟင်ဂျာများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ စုံစမ်းစစ်ဆေးခြင်း နှင့် တရားစီရင်နိုင်ရေးအားကူညီပံ့ပိုးခြင်း ၉

IV. အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်သည့် ရာဇဝတ်မှုများ စုံစမ်းစစ်ဆေးခြင်း ၁၃

V. ယန္တရား၏ အခြားလုပ်ဆောင်မှုဆိုင်ရာ တိုးတက်မှုများ

A. အဖွဲ့ဝင်နိုင်ငံများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ၁၇

B. သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ဆွေးနွေးပွဲများ၊ လူထုဆက်ဆံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း ၂၀

C. သက်သေ ကာကွယ်ရေးနှင့် ပံ့ပိုးရေး ၂၃

D. ဝန်ထမ်း၊ ရင်းမြစ်ပစ္စည်းများနှင့် သတင်းအချက်အလက်နည်းပညာ လုံခြုံရေး ၂၄

E. နည်းပညာနှင့် အခြေခံအဆောက်အဦ ၂၅

VI. စိန်ခေါ်မှုများနှင့် ထပ်လောင်းပံ့ပိုးရမည့် ကဏ္ဍများ ၂၇

VII. နိဂုံး ၂၉

# I. နိဒါန်း

၁။ ယခုအစီရင်ခံစာတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရားမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ ပါဝင်ပါသည်။

၂။ လူ့အခွင့်အရေးကောင်စီမှ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် လက်ခံအတည်ပြုခဲ့သော ဆုံးဖြတ်ချက် ၃၉/၂ အရ မြန်မာနိုင်ငံအတွင်း ၂၀၁၁ ခုနှစ်မှစတင်၍ ဖြစ်ပွားခဲ့သော အကြီးလေးဆုံးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှုများ၏ အထောက်အထားများအား နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့်အညီ စုဆောင်းရန်၊ ပေါင်းစည်းရန်၊ ထိန်းသိမ်းရန်၊ စိစစ်သုံးသပ်ရန် လုပ်ပိုင်ခွင့်ဖြင့် ယန္တရားကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အဆိုပါရာဇဝတ်မှုများကို နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ တရားရုံးများ သို့မဟုတ် ခုံရုံးများတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်အညီ မျှတပြီးလွတ်လပ်သော ရာဇဝတ်မှုဆိုင်ရာ စစ်ဆေးစီရင်မှုများအား လွယ်ကူချောမွေ့ မြန်ဆန်စွာ လုပ်ဆောင်နိုင်ရေးအတွက် အမှုတွဲများ ပြင်ဆင်ပေးရန် ဖြစ်သည်။ ၎င်း၏ ဆုံးဖြတ်ချက် ၇၃/၂၆၄ အရ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အထွေထွေညီလာခံသည် ယန္တရားဖွဲ့စည်းခြင်းကို ကြိုဆိုခဲ့သည်။ ၂၀၂၀ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် ၄၃/၂၆ အရ၊ လူ့အခွင့်အရေးကောင်စီသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးနှင့် အပြည်ပြည်ဆိုင်ရာ တရားရုံးတို့၏ အနာဂတ် စုံစမ်းစစ်ဆေးမှုများတွင် နီးနီးကပ်ကပ် အချိန်နှင့် လိုက်လျောညီထွေစွာ ပူးပေါင်းဆောင်ရွက်ရန် ယန္တရားအား အထူးတလည် တောင်းဆိုခဲ့သည်။

၃။ လုပ်ငန်းလည်ပတ်မှုစတင်ပြီး လေးနှစ်တာနောက်ပိုင်းတွင်၊ ယန္တရားသည် မြန်မာနိုင်ငံအတွင်း ဆိုးရွားလာသော အခြေအနေများကို မျက်ခြေမပြတ် စောင့်ကြည့်နေပြီး မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် အဆိုးရွားဆုံး နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ အထောက်အထားများကို စုဆောင်း၊ စိစစ်သုံးသပ်မှုများ မျှဝေပေးနိုင်ရေး ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ စစ်တပ်သည် အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်နေပြီး အစီရင်ခံသည့် ကာလအတွင်း လက်နက်ကိုင်ပဋိပက္ခများ သိသိသာသာ ပြင်းထန်လျက်ရှိသည်။ ဤအခြေအနေတွင်၊ ယန္တရားသည် ထိခိုက်နစ်နာသူများအပေါ် သက်ရောက်မှု အပြင်းထန်ဆုံးဖြစ်သည့် အထူးဖြစ်ရပ်များအပေါ် စုံစမ်းစစ်ဆေးမှုများ အာရုံစိုက်ရန် မဟာဗျူဟာချထားပါသည်။ ထို့ပြင် ရခိုင်ပြည်နယ်တွင် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း မြန်မာလုံခြုံရေးတပ်ဖွဲ့များမှ "ရှင်းလင်းစစ်ဆင်ရေး" လုပ်ဆောင်စဉ် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးမှုကိုလည်း အဓိကထား အာရုံစိုက်ဆောင်ရွက်လျက်ရှိသည်။

၄။ ယန္တရားသည် မြန်မာနိုင်ငံအတွင်း မှုခင်းဖြစ်ပွားရာနေရာများ သို့မဟုတ် သက်သေများထံ ကိုယ်တိုင်သွားရောက်ခွင့်မရှိသည့် အနေအထားတွင် လုပ်ငန်းလုပ်ဆောင် နေရပြီး သက်သေများအား အကာအကွယ်ပေးရာတွင် ကြီးမားသော စိန်ခေါ်မှုများရှိသည်။ ဤစိန်ခေါ်မှုများ ကျော်လွှားရန်၊ ယန္တရားသည် ဆန်းသစ်တီထွင်မှုများကို ချမှတ်ကျင့်သုံးနေပြီး သက်သေအထောက်အထားများ စုဆောင်းခြင်းအတွက် ခေတ်မီနည်းပညာများနှင့် စုံစမ်းစစ်ဆေးရေး နည်းလမ်းများကို အသုံးပြုလျက်ရှိသည်။ ယန္တရားသည် လူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံတို့ တောင်းဆိုထားသည့် အတိုင်း မြန်မာနိုင်ငံရှိ အာဏာပိုင်များ၏ ပူးပေါင်းဆောင်ရွက်မှုကိုရရှိရန် ဆက်လက် တောင်းဆိုလျက်ရှိသည်။ သို့သော် နယ်မြေဝင်ရောက်ခွင့်၊ ပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက် တောင်းဆိုမှုများ အားလုံးအတွက် ယနေ့အထိ အကြောင်း တစ်စုံတစ်ရာ ပြန်ကြားခြင်းမရှိပါ။

၅။ အစီရင်ခံသည့်ကာလအတွင်း ယန္တရားသည် စုံစမ်းစစ်ဆေးရေးမစ်ရှင် အရေးအတွက် နှင့် သက်သေများနှင့် အသက်ရှင်ကျန်ရစ်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှုများ သိသိသာသာ တိုး၍ဆောင်ရွက်ခဲ့သည်။ လိင်နှင့် ကျားမအခြေပြုရာဇဝတ်မှုများနှင့် ကလေးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများသည် စုံစမ်းစစ်ဆေးရေး၏ ဦးစားပေးအဆင့်တွင် ဆက်ရှိနေသည်။ ယန္တရား၏ စုံစမ်းစစ်ဆေးမှုအားလုံးတွင် လူမှုကွန်ရက်မီဒီယာရှိ ပွင့်လင်းသတင်းရင်းမြစ်နှင့် ငွေကြေးဆိုင်ရာ အချက်အလက်များနှင့် အထောက်အထားများကို စုဆောင်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းတို့ကိုလည်း အပြည့်အဝ ထည့်သွင်းထားသည်။ ဤတစ်နှစ်တာကာလအတွင်း ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများ အားကောင်းစေရန်၊ မျက်မြင်သက်သေများ၊ အသက်ရှင်ကျန်ရစ်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်း ဆောက်ရွက်ခဲ့သည်။ ယန္တရားသည် သက်သေများနှင့် အသက်ရှင်ကျန်ရစ်သူအဖွဲ့များထံမှ ရရှိခဲ့သော ပူးပေါင်း ဆောင်ရွက်မှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။ ၎င်းတို့သည် တာဝန်ရှိသူများ ပြစ်ဒဏ်ကင်းလွတ်နေခြင်းကို တိုက်ဖျက်ရာတွင် မြန်မာပြည်သူများ၏ သတ္တိနှင့် ရည်ရွယ်ချက်ကို ထင်ဟပ်နေပါသည်။

## II. အချက်အလက်နှင့် အထောက်အထားများ စုဆောင်းခြင်း၊ စိစစ်သုံးသပ်ခြင်း နှင့် စီမံခန့်ခွဲခြင်း

၆။ အစီရင်ခံသည့်ကာလအတွင်း၊ ယန္တရားသည် မကြုံဖူး၊ မမျှော်လင့်ထားသော အချက်အလက် နှင့် အထောက်အထားပမာဏကို စုဆောင်းခဲ့သည်။ ဤကဲ့သို့ စုဆောင်းရရှိထားသော အချက်အလက်အထောက်အထားများကို ထိန်းသိမ်းခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းအတွက် ပိုမိုရှုပ်ထွေးပြီး ခေတ်မီဆန်းသစ်သော လုပ်ငန်းစဉ်များကို အသုံးပြုရန်

လိုအပ်လာသည်။ သမာသမတ်ကျမှုနှင့် လျှို့ဝှက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ၊ ယန္တရားသည် အထောက်အထား စုဆောင်းခြင်းအတွက် နည်းလမ်းပေါင်းစုံ ချဉ်းကပ်ကျင့်သုံးလျက်ရှိပြီး ဦးစားပေးအမှုများနှင့်ဆိုင်သည့် သတင်းအချက်အလက်နှင့် အထောက်အထားများ၊ မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့် အကြောင်းအရာနှင့် ခြုံငုံသုံးသပ်ချက်၊ ရာဇဝတ်မှုကျူးလွန်သည်ဟု သံသယရှိသော အထူးသီးသန့်ပုဂ္ဂိုလ်များ၊ အုပ်စုများနှင့် ဖွဲ့စည်းပုံများနှင့် သက်ဆိုင်သည့် အချက်အလက်များအပေါ် အာရုံစိုက်လျက်ရှိသည်။ ယန္တရားသည် မိမိလုပ်ပိုင်ခွင့်အရ မြန်မာနိုင်ငံတွင် ကျူးလွန်နိုင်သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် ပတ်သက်သည့် သက်ဆိုင်ရာအဖွဲ့အားလုံးထံမှ ရာဇဝတ်မှုမြောက်သည့်အချက်နှင့် ရာဇဝတ်မှုမမြောက်သည့်အချက် နှစ်မျိုးစလုံးကို ရှာဖွေလျက်ရှိသည်။

၇။ သတင်းအချက်အလက်နှင့် အထောက်အထားများ တောင်းခံခြင်းနှင့် လက်ခံရယူခြင်းကို ဦးတည်ချက်ထားချဉ်းကပ်မှုကြောင့်၊ ယန္တရားသည် ကဏ္ဍအမျိုးမျိုးမှ သတင်းအချက်အလက်ပေးသူနှင့် ရင်းမြစ်ပေါင်း ၇၀၀ ကျော်ထံမှ အချက်အလက်အများအပြား ရရှိစုဆောင်းခဲ့သည်။ ၎င်းတို့အနက် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် စာတမ်းပြုစုသည့်အဖွဲ့များ၊ နိုင်ငံအာဏာပိုင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် လူတစ်ဦးချင်းရင်းမြစ်များနှင့် သက်သေများ ပါဝင်သည်။ ရာဇဝတ်မှုတည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သော တန်ဖိုးမြင့်သက်သေခံချက်များကို စုဆောင်းရန်အတွက် ယန္တရားသည် အသက်ရှင်ကျန်ရစ်သူများ၊ မျက်မြင်သက်သေများနှင့် ထွက်ပြေးလာသူများထံမှ တိုက်ရိုက်သက်သေခံချက် စုဆောင်းမှုကို သိသိသာသာတိုးမြင့်လျက်ရှိသည်။ ရလဒ်အနေဖြင့် ယနေ့အထိ သက်သေ ၂၀၀ ကျော်၏ ထွက်ဆိုချက်များနှင့် စိစစ်ချက်များအပြင် စုံစမ်းစစ်ဆေးရေးမှတ်စု ၂၀၀ ကျော် ရရှိထားသည်။ မတူညီသောအဖွဲ့ဝင်နိုင်ငံများသို့ စုံစမ်းစစ်ဆေးရေးမစ်ရှင် သွားရောက်ခြင်းသည် လူတွေ့အင်တာဗျူးလုပ်နိုင်မှုနှင့် အခြားအလွန်အဖိုးတန်ပြီး ဖြစ်နိုင်ခြေရှိသော အချက်အလက်များကို ရရှိစေသည်။ ယန္တရားသည် အဆိုပါ စုံစမ်းစစ်ဆေးရေး လုပ်ငန်းများအတွက် သက်ဆိုင်ရာနိုင်ငံရှိ အာဏာပိုင်များနှင့် အခြားသက်ဆိုင်သူ အများအပြား၏ ပံ့ပိုးကူညီမှုကို ကျေးဇူးတင်ရှိပြီး အသိအမှတ်ပြုပါသည်။

၈။ ယန္တရားသည် လုပ်ငန်းစတင်လည်ပတ်ချိန်မှစ၍ အဖွဲ့အစည်းအမျိုးမျိုးနှင့် လူတစ်ဦးချင်း စီမှ သတင်းအချက်အလက်တောင်းခံမှုပေါင်း ၁၇၀ ကျော် ပြုလုပ်ခဲ့သည်။ ဤတောင်းဆိုချက်များမှ ယန္တရား၏ စုံစမ်းစစ်ဆေးဆဲအမှုများနှင့် ပတ်သက်သည့် ကျယ်ပြန့်ပြီး စုံလင်ကွဲပြားသော အချက်အလက်များနှင့် အထောက်အထားများကို စုဆောင်းရရှိပါသည်။ ရာဇဝတ်မှုများ ဆက်လက်ကျူးလွန်နေသည့် နယ်မြေအတွင်းသို့ ဝင်ရောက်ခွင့်မရသည့် ယန္တရား၏ အားနည်းချက်ကို တစ်စိတ်တစ်ပိုင်း လျော့နည်းစေရန်၊ ပွင့်လင်းသောသတင်းရင်းမြစ်နှင့်

ငွေကြေးဆိုင်ရာ အချက်အလက်များကို အမျိုးစုံသောရင်းမြစ်များမှ စုဆောင်းလျက်ရှိပြီး ယင်းလုပ်ငန်းသည် ယန္တရား၏ အချက်အလက်ထားသိုရေးစနစ်အတွက် အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။

၉။ ယနေ့အထိ၊ ယန္တရားသည် မျှဝေရန်ဖြစ်နိုင်ချေရှိသော သတင်းအချက်အလက်ပေါင်း ၂၃ သန်းကျော်ကို စုစည်းတည်းဖြတ်လျက်ရှိသည်။ ယင်းတို့အနက် စာရွက်စာတမ်းများ၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊ အသံဖိုင်များ၊ ဂြိုလ်တုပုံရိပ်များ၊ မှုခင်းဆိုင်ရာ အထောက်အထားများ၊ သက်သေ၏ထွက်ဆိုချက်များ၊ လူမှုကွန်ရက်မီဒီယာနှင့် အခြားပွင့်လင်းရင်းမြစ်ပစ္စည်းများ ပါဝင်သည်။ စုဆောင်းထားသည့် အချက်အလက်များအနက် အများစုသည် မြန်မာဘာသာစကားဖြင့် ရေးသားပြုစုထားသော အချက်အလက်များ ဖြစ်ပြီး၊ ယင်းဘာသာစကားတွင် ကျွမ်းကျင်သည့် ဝန်ထမ်းအရေအတွက် နည်းပါးမှုသည် ယန္တရားအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ ထို့အပြင် စုဆောင်းထားသော အချက်အလက်များသည် မတူညီသော မြန်မာအက္ခရာများဖြင့် ရေးသားထားပြီး ဖိုင်စနစ်အမျိုးမျိုး ဖြစ်နေခြင်းကြောင့် ယန္တရား၏ ကွန်ပျူတာစနစ်ဖြင့် သိမ်းဆည်းထားသော အချက်အလက်စီမံခန့်ခွဲမှုစနစ်တွင် အဆိုပါ အချက်အလက်များကို လွယ်ကူစွာ ရှာဖွေနိုင်ရေးသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်။

၁၀။ ယန္တရားသည် စုဆောင်းရရှိထားသော အထောက်အထားများကို လက်လှမ်းမီပြီး လွယ်ကူစွာရှာဖွေနိုင်စေရန်နှင့် အနာဂတ်တရားရေးဆိုင်ရာတရားစွဲဆိုမှုများတွင် အသုံးပြုနိုင်ရန် လက်ရှိ အထောက်အထားတန်ဖိုးကို ဆက်ထိန်းထားရန်အတွက် နောက်ဆုံးပေါ် သတင်းအချက်အလက် စီမံခန့်ခွဲမှုနည်းပညာများကို အသုံးပြုပြီး စုဆောင်းထိန်းသိမ်းမှုကို အစဉ်တစိုက် လုပ်ဆောင်နေသည်။ ဒစ်ဂျစ်တယ်သတင်းအချက်အလက် နည်းပညာသည် အစဉ်မပြတ် တိုးတက်ပြောင်းလဲနေပြီး ယန္တရား၏ ဒစ်ဂျစ်တယ်နည်းဖြင့် အချက်အလက်များ စုဆောင်းမှုပမာဏ တိုးများလာသည်နှင့်အမျှ ယန္တရားသည် အချက်အလက်များထိန်းသိမ်းမှုနှင့် စိစစ်သုံးသပ်မှု စနစ်များ ပိုမိုကောင်းမွန်လာစေရန် နည်းပညာ အသစ်များကို ထပ်မံထည့်သွင်း အသုံးပြုလျက်ရှိသည်။

၁၁။ ဤနည်းပညာကိရိယာများကို အသုံးပြုခြင်းဖြင့် သက်ဆိုင်ရာအာဏာပိုင်များ၊ အဖွဲ့အစည်းများနှင့် မျှဝေရန်အတွက် ရရှိနိုင်သောအချက်အလက်နှင့် အထောက်အထား ပမာဏကို တိုးချဲ့ရာတွင် ယန္တရား၏ လုပ်ငန်းအား ပိုမိုအားကောင်းစေသည်။ ယနေ့အထိ ယန္တရားသည် သက်ဆိုင်ရာအာဏာပိုင်များနှင့် မျှဝေရန် ပြင်ဆင်ပြီးဖြစ်သော သတင်းအချက်အလက်နှင့် စိစစ်သုံးသပ်မှုဆိုင်ရာ အတွဲပေါင်း ၁၃၅ ကျော်ကို ပြင်ဆင်ထားပြီး၊ ၎င်းတို့အနက် (အချက်အလက် ၅,၀၀၀ ကျော်ပါဝင်သည့်) ၂၇ တွဲကို တောင်းခံလာသော အာဏာပိုင်များထံ မျှဝေထားပြီး ဖြစ်သည်။ ယန္တရား၏ ယခင်လုပ်ဆောင်ခဲ့သော မျှဝေခြင်းလုပ်ငန်းစဉ်များကို အကဲဖြတ်ခြင်းဖြင့် ရရှိလာသော အကောင်းဆုံး အလေ့အကျင့်များမှ သင်ခန်းစာယူ၍ လက်ရှိ မျှဝေခြင်းလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဤတွေ့ရှိချက်များနှင့်အညီ ယန္တရားသည် စစ်ဆေးခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် အချက်အလက် မျှဝေရန်ပြင်ဆင်ခြင်း လုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်မည့် နည်းလမ်းများနှင့် အလိုအလျောက်စနစ်ဖြင့် လုပ်ဆောင်မှုနည်းလမ်းများ ရှာဖွေဖော်ထုတ်ခဲ့သည်။ ထို့ပြင် အချက်အလက်မျှဝေခြင်းဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ဖြည့်စွက်တည်းဖြတ်ပြီး၊ ယန္တရားအား ကူညီပံ့ပိုးရန် အာဏာပိုင်များနှင့် အဖွဲ့အစည်းများထံမှ အချက်အလက် အကူအညီတောင်းဆိုခြင်းများအတွက် တောင်းခံမှုဆိုင်ရာလုပ်ငန်းစဉ်နှင့် ပတ်သက်သော လမ်းညွှန်ချက်များ ချမှတ်ခဲ့သည်။

## III. ရိုဟင်ဂျာများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ စုံစမ်းစစ်ဆေးခြင်း နှင့် တရားစီရင်နိုင်ရေး ကူညီပံ့ပိုးခြင်း

၁၂။ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော အကြမ်းဖက်ရက်စက်မှုများကို တုံ့ပြန်ရန် လိုအပ်ချက်သည် လူ့အခွင့်အရေးကောင်စီမှ ယန္တရားကို ထူထောင်ဖွဲ့စည်းရေး ဆုံးဖြတ်ရာတွင် အဓိကအချက် ဖြစ်သည်။ ထို့ကြောင့် ယန္တရားသည် အဆိုပါရာဇဝတ်မှုများ၏ ဆောင်ရွက်ဆဲ တရားစီရင်မှု များတွင် စုံစမ်းစစ်ဆေးမှုများနှင့် ကူညီပံ့ပိုးမှုများကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ စုဆောင်းရရှိထားသော သတင်းအချက်အလက်များကို အခြေခံကာ ယန္တရားသည် အစီရင်ခံသည့်ကာလအတွင်း အရေးပါသော တိုးတက်မှုများ ဆောင်ရွက်နိုင်ခဲ့သည်။ ဤတိုးတက်မှုများတွင် သက်သေများနှင့် လူတွေ့အင်တာဗျူးများ အရေအတွက် ပိုတိုးလာခြင်း၊ အဓိကစုံစမ်းရေး လမ်းကြောင်းများ သတ်မှတ်ခြင်း၊ လုပ်ဆောင်ဆဲ တရားရေးဆိုင်ရာ တရားစွဲဆိုမှုများတွင် သက်ဆိုင်ရာ အာဏာပိုင်များထံ မျှဝေနိုင်သော အံဝင်ခွင်ကျကိုက်ညီသည့် စိစစ်သုံးသပ်ချက်များ ထုတ်နိုင်ခြင်း တို့ပါဝင်သည်။

၁၃။ ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများမှ ရှင်သန်ကျန်ရစ်သူများ ခိုလှုံရာ နေရာများသို့ စုံစမ်းစစ်ဆေးရေးမစ်ရှင်များကို ကာလအပိုင်းအခြားအလိုက် ပုံမှန် စေလွှတ်လျက်ရှိသည်။ ဤမစ်ရှင်များတွင် အလွန်အသေးစိတ်ကျပြီး နည်းစနစ်ကျသော အင်တာဗျူးများပါဝင်သောကြောင့် သက်သေများ၏ မှုခင်းဆိုင်ရာထွက်ဆိုချက်၊ တန်ဖိုးမြင့်မားသည့် လက်မှတ်ထိုးထွက်ဆိုချက်များ ရရှိပါသည်။ ယခင်အစီရင်ခံမှုကာလများတွင် ကိုရိုနာ ဗိုင်းရပ်ရောဂါ (ကိုဗစ်-၁၉) ကူးစက်ရောဂါနှင့်/သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူညီချက်များရရှိရန် စောင့်ဆိုင်းနေရခြင်းကြောင့် ဤသို့မစ်ရှင်သွားရောက်မှုများ မဆောင်ရွက်နိုင်ခဲ့ပါ။ ယခုအစီရင်ခံသည့်ကာလအတွင်း ယန္တရားသည် အထူးသဖြင့် ရိုဟင်ဂျာအသိုင်းအဝန်းမှ အဖွဲ့ဝင်များနှင့် စုံစမ်းစစ်ဆေးရေး အစည်းအဝေးများ၊ စိစစ်မှုများနှင့် အသေးစိတ်အင်တာဗျူးများ ဒါဇင်ပေါင်းများစွာ ပြုလုပ်ခဲ့သည်။ ယခုအခါတွင် ယန္တရားသည် ထိရောက်မြန်ဆန်သော

လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းကောင်းများဖြင့် မွမ်းမံဖြည့်စွက်ပြီး၊ စုံစမ်းစစ်ဆေးရေးမစ်ရှင်များ ပိုမိုသွားရောက်နိုင်ရန် အခြေခံအုတ်မြစ်ချထားပြီး ဖြစ်သည်။

၁၄။ ယန္တရားသည် သက်သေအင်တာဗျူးရန် စီစဉ်ခြင်းနှင့် လုပ်ငန်းလုပ်ဆောင်မှု အရပ်ရပ်တွင် သက်သေများ၏လုံခြုံရေးကို အထူးအရေးအကြီးကိစ္စအဖြစ် ထည့်သွင်းလုပ်ဆောင်ပါသည်။ သက်သေများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုလည်း ယန္တရား၏ လုပ်ငန်းလုပ်ဆောင်မှု အားလုံးတွင် အဓိကထားပါသည်။ ကျူးလွန်ခံရသူများကို အင်တာဗျူးလုပ်ရာတွင် ၎င်းတို့၏ စိတ်ထိခိုက်ကြေကွဲစရာ အတွေ့အကြုံများကို ပြန်လည်ပြောပြသည့်အခါ လိုအပ်ပါက စိတ်ပညာရှင်နှင့် လူမှုစိတ်ပိုင်းရေးရာ ကျွမ်းကျင်သူများ အဆင်သင့်ခေါ်ယူနိုင်ရန် ယန္တရားသည် အဆိုပါ ကျွမ်းကျင်ပညာရှင်များနှင့် ဆက်သွယ်ချိတ်ဆက်ထားပါသည်။

၁၅။ လိင်နှင့် ကျားမအခြေပြု ရာဇဝတ်မှုများနှင့် ကလေးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းသည် ယန္တရား၏ စုံစမ်းစစ်ဆေးရေးမစ်ရှင်များတွင် ပထမဦးစားပေး အဖြစ် ရှိနေပါသည်။ ယန္တရားသည် လိင်နှင့် ကျားမအခြေပြုရာဇဝတ်မှု ကျူးလွန်ခံရခြင်းမှ ရှင်သန်ကျန်ရစ်သူများနှင့် သီးသန့်အင်တာဗျူးလုပ်ရာ ရှင်းလင်းစစ်ဆင်ရေး လုပ်ဆောင်စဉ် အတွင်း ဤရာဇဝတ်မှုများ အလွန်ပျံ့နှံ့ဖြစ်ပွားခဲ့ကြောင်း အထင်အရှားတွေ့ရှိခဲ့သည်။ ယနေ့အထိ တွေ့ဆုံမေးမြန်းခဲ့သည့် သက်သေအများစုတွင် အဆိုပါအမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ အထောက်အထားများရှိသည်။ ယန္တရားသည် ကွဲပြားသော ကျား၊မ လက္ခဏာနှင့် လိင်စိတ်တိမ်းညွတ်မှုရှိသူများ အပါအဝင်၊ အခြားသော အချက်အလက်ရှာဖွေရေး အဖွဲ့အစည်းများမှ ယခင်က ချဉ်းကပ်ခြင်းမပြုခဲ့သော လိင်နှင့်ကျားမအခြေပြု ရာဇဝတ်မှု ကျူးလွန်ခံရသော သက်သေများကို ရှာဖွေရန် ကြိုးပမ်းလျက်ရှိသည်။ အဆိုပါသက်သေများသည် မကြာခဏ လျစ်လျူရှုခံရသော အခြေအနေတွင် ရှိနေသည်။ ဤကိစ္စနှင့် ပတ်သက်၍ ယန္တရားသည် ဟိဂျရာ (လိင်ပြောင်း) ရိုဟင်ဂျာ အသိုင်းအဝိုင်း၏ အတွေ့အကြုံများအား အလေးပေးသည့် အထူးသီးသန့်စုံစမ်းရေးလမ်းကြောင်း ကို စတင်ခဲ့သည်။

၁၆။ ရိုဟင်ဂျာအသိုင်းအဝန်းနှင့် ထိတွေ့ဆက်ဆံမှုတစ်လျှောက်တွင်၊ ယန္တရားသည် ဘဏ္ဍာရေး ဆိုင်ရာ စုံစမ်းမှုလမ်းကြောင်းနှင့် သက်ဆိုင်သည့် အချက်အလက်များနှင့် စာရွက်စာတမ်းများ စုဆောင်းခြင်းကိုလည်း အလေးပေးဆောင်ရွက်ခဲ့သည်။ ဥပမာအားဖြင့် ယန္တရား၏ လုပ်ပိုင်ခွင့်နှင့်ဆိုင်သော ရာဇဝတ်မှုများတွင် တိုက်ရိုက်ကျူးလွန်သူများနှင့် အမိန့်ပေးသောအရာရှိများသာမက၊ ဤရာဇဝတ်မှုကျူးလွန်ရာတွင် ကူညီဆောင်ရွက်ပေးခြင်းနှင့် တွန်းအားပေး လုပ်ဆောင်နိုင်သူများကိုပါ စုံစမ်းစစ်ဆေးခြင်း ဖြစ်သည်။ ဤကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ယန္တရားသည် မြေယာနှင့် အိုးအိမ်ပိုင်ဆိုင်မှုများ သိမ်းယူခြင်းကဲ့သို့သော ထိခိုက်နစ်နာသူများအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိခဲ့သည့် ကိစ္စရပ်များတွင် ဘဏ္ဍာရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို အာရုံစိုက်လုပ်ဆောင် နေပါသည်။ ရိုဟင်ဂျာများအဖို့ မြေယာများသိမ်းယူခံရခြင်းကိစ္စသည် သာမန် ပိုင်ဆိုင်မှု အခွင့်အရေး

ရုတ်သိမ်းခံရခြင်းသက်သက်ထက် များစွာပိုသည်။ ၎င်းတို့၏ မြေယာကို ဥပဒေမဲ့ သိမ်းယူခြင်းသည် မြန်မာနိုင်ငံတွင် မျိုးရိုးစဉ်ဆက် အခြေစိုက်နေထိုင်လာသူများဖြစ်သည့် ၎င်းတို့၏ အထောက်အထားကို တိုက်ခိုက်ခြင်းဟု သက်ရောက်နိုင်သည်။ သက်သေအထောက်အထားများ ပိုမိုအားကောင်းစေရန်၊ ယန္တရားသည် လူမှုကွန်ရက် ပွင့်လင်းသတင်းရင်းမြစ်များတွင် စိစစ်သုံးသပ်ခြင်းနှင့် အခြားအဖွဲ့အစည်းများမှပြုစုထားသော အချက်အလက်များ စုဆောင်းခြင်းကိုလည်း လုပ်ဆောင်လျက်ရှိသည်။ ယန္တရားသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော ရှင်းလင်းစစ်ဆင်ရေးများအား ဦးစားပေးကာ စုံစမ်းစစ်ဆေးနေသော်လည်း ၂၀၁၂ မှ ၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော မြန်မာနိုင်ငံမှ ရိုဟင်ဂျာသိန်းနဲ့ချီပြီး အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည့် လူမျိုးရေးအကြမ်းဖက်မှုနှင့် ပတ်သက်သော အထောက်အထားများကိုလည်း စုဆောင်းနိုင်ခဲ့သည်။

၁၇။ ရာဇဝတ်မှုများအတွက် တာဝန်ခံမှုဖြစ်ထွန်းရေးမှာ တစ်ဦးချင်းစီ၌ ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိကြောင်း သက်သေပြနိုင်မှုပေါ်တွင် မူတည်ပါသည်။ ထို့ကြောင့် ယန္တရားသည် သီးခြားလူတစ်ဦးချင်းစီ၏ တာဝန်ကို ဖော်ပြနိုင်သည့် "ဆက်စပ်အထောက်အထား" ကို စုဆောင်းရာတွင်၊ အထူးသဖြင့် ရာဇဝတ်မှု ကျူးလွန်သည့်ဖြစ်ရပ်တွင် တာဝန်ပိုကြီးသော အာဏာအဆင့်မြင့်သည့် ရာထူးများတွင် ရှိနေသူများ အကြောင်းကို ဦးစားပေး စုဆောင်းသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရှင်းလင်းစစ်ဆင်ရေးများ လုပ်ဆောင်ခဲ့သော လုပ်ဆောင်ချက်များ အပါအဝင် စစ်တပ်၏ စစ်ဆင်ရေးနှင့် ညွှန်ကြားမှုပုံစံများ၊ အချက်အလက်များကို ပေးအပ်ခဲ့သည့် မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ အဖွဲ့ဝင်ဟောင်းများကဲ့သို့သော "အတွင်းလူ"များ၏ သက်သေ ထွက်ဆိုချက်များသည် အဆိုပါ ဆက်စပ်အထောက်အထားများအတွက် ခိုင်မာသောရင်းမြစ်များ ဖြစ်လာသည်။

၁၈။ ရိုဟင်ဂျာများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ စုဆောင်းထားသော အထောက်အထားများကို စိစစ်သုံးသပ်ပြီး အစီရင်ခံစာ သုံးမျိုးပြင်ဆင်ရာတွင် တိုးတက်မှုများ ရှိသည်။ ပထမအစီရင်ခံစာတွင် ၂၀၁၇ ခုနှစ် စစ်ဆင်ရေးအတွင်း မြေပြင်ရှိ သက်ဆိုင်ရာ တပ်ဖွဲ့များအပါအဝင် မြန်မာစစ်တပ်အတွင်း ဖွဲ့စည်းမှုနှင့် အစီရင်ခံမှုလမ်းကြောင်းများကို အထူးပြုသည်။ ဒုတိယအစီရင်ခံစာတွင် မြန်မာလုံခြုံရေးတပ်ဖွဲ့များက ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော လိင်နှင့် ကျားမအခြေပြုရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးရန် သို့မဟုတ် အပြစ်ပေးရန် မြန်မာအာဏာပိုင်များ၏ ပျက်ကွက်မှုများအကြောင်း ယန္တရားမှဖော်ထုတ်ထားသည့် အထောက်အထားများကို စုစည်းတင်ပြသည်။ တတိယအစီရင်ခံစာတွင် မြန်မာ စစ်တပ်အဖွဲ့အစည်း တစ်စိတ်တစ်ပိုင်းမှ ရိုဟင်ဂျာများအပေါ် အမုန်းပွားစေသည့် မဟုတ်မမှန်သတင်းများ ဖေ့စ်ဘုတ်တွင် ဖြန့်ချိခြင်းနှင့်ပတ်သက်၍ အဓိကသုံးသပ်ချက်နှင့် ခွဲခြမ်းစိတ်ဖြာချက်များ ပါရှိသည်။ ဤအစီရင်ခံစာသည် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေး လုပ်ဆောင်ချိန် ကာလတွင် ရိုဟင်ဂျာဆန့်ကျင်ရေး စာများရေးသားနေသော တရားမဝင်

ဖော့စ်ဘုတ်စာမျက်နှာများနှင့် မြန်မာစစ်တပ်၏ တရားဝင်ဖော့စ်ဘုတ်စာမျက်နှာများ၊ အကောင့်များကြား ချိတ်ဆက်မှုကို ဆန်းစစ်သည်။ ယန္တရား၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများတွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည့် တရားစွဲတင်မှုနှင့် တရားစီရင်ရေး ဆောင်ရွက်သော အာဏာပိုင်များထံ ဤအစီရင်ခံစာများကို မျှဝေရန်ဖြစ်သည်။ အဆိုပါ တရားရေးအာဏာပိုင်များမှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၊ အာဂျင်တီးနားရှိ ရှေ့နေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာတရားရုံး (ဂမ်ဘီယာနှင့် မြန်မာ) တို့ဖြစ်သည်။ ယန္တရားသည် ရိုဟင်ဂျာများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် ပတ်သက်၍ စုဆောင်းထားသော အချက်အလက်များနှင့် အထောက်အထားများကို ဆက်လက်ဖော်ထုတ်လျက်ရှိပြီး၊ သတင်းပေးသူများ၏ သဘောတူညီချက်ရရှိထားပါက အထက်ဖော်ပြပါ တရားစီရင်ပိုင်ခွင့်ဌာန သုံးခုထံ မျှဝေပါသည်။ အဆိုပါတရားစီရင်ပိုင်ခွင့်ဌာနများတွင် လက်ခံနိုင်သော အထောက်အထားများ၊ သက်သေများ၏ အကာအကွယ်နှင့် ပုဂ္ဂလိကရေးရာ၊ စာရွက်စာတမ်းနှင့် အထောက်အထားများ၏ ဘာသာစကားသတ်မှတ်ချက် တို့နှင့် ပတ်သက်သည့် မတူညီသော စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများရှိသည်။ ၎င်းတို့၏သက်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲမှု အသီးသီးပေါ် မူတည်၍ ပြစ်မှုများ၊ ချိုးဖောက်မှုများ နှင့် ပတ်သက်သည့် မတူညီသော အထူးအာရုံစိုက်သည့် ကဏ္ဍများလည်း ရှိသည်။ ဤကွဲပြားခြားနားသော တရားစီရင်ပိုင်ခွင့်များ၏ လိုအပ်ချက်များကို ပိုမိုနားလည်သဘောပေါက်ရန်နှင့် သက်သေအထောက်အထားများနှင့် စိစစ်သုံးသပ်ချက် ဖိုင်များကို အံဝင်ခွင်ကျကိုက်ညီစွာ ပြင်ဆင်ရန် ယန္တရားသည် အစီရင်ခံသည့် ကာလအတွင်း အမှုဖိုင်မျှဝေမည့် မိတ်ဖက်အဖွဲ့များနှင့် ပုံမှန်ဆက်သွယ် ဆွေးနွေးမှုများကို အရှိန်မြှင့်တင်ပါသည်။

၂၀။ ထူးခြားချက်အနေဖြင့် ယန္တရားသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ တရားစွဲရှေ့နေ ရုံးနှင့် အနီးကပ် ညှိနှိုင်းဆောင်ရွက်မှုကို ဆက်လက်လုပ်ဆောင်ခဲ့ပြီး အစီရင်ခံသည့်ကာလအတွင်း အဆိုပါရုံးနှင့် မျှဝေထားသည့် စိစစ်ချက် နှင့် ထွက်ဆိုချက်များအပါအဝင် သက်သေဆိုင်ရာ အချက်အလက် ပမာဏများ တိုးမြှင့်နိုင်ခဲ့သည်။ ယန္တရားသည် အာဂျင်တီးနားရှိ ရှေ့နေချုပ်ရုံးနှင့် များပြားလှသော သတင်းအချက်အလက်များကို မျှဝေခဲ့ပြီး ထိုနိုင်ငံအတွင်း ဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး စုံစမ်းစစ်ဆေးမှုများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို မည်သို့အကောင်းဆုံး ဆက်လက်တင်ပြနိုင်မည်ကို ဆုံးဖြတ်နိုင်ရန် အဆိုပါရုံးနှင့် အနီးကပ်တွေ့ဆုံဆွေးနွေးမှု တစ်ကြိမ် ပြုလုပ်ခဲ့သည်။ နောက်ဆုံးအနေဖြင့် ယန္တရား သည် ဂမ်ဘီယာနှင့် မြန်မာအမှု၏ တရားစွဲဆိုမှုများကို အပြည်ပြည်ဆိုင်ရာတရားရုံး ရှေ့မှောက်တွင် နောက်ထပ်အကြောင်းအရာသစ်များကို မျှဝေရန် ပြင်ဆင်လျက်ရှိသည်။ အဆိုပါ အမှုမှာ မြန်မာနိုင်ငံသည် လူမျိုးပြုန်းစေမှုဆိုင်ရာ တားဆီးကာကွယ်ရေးနှင့် ပြစ်ဒဏ်ပေးရေး သဘောတူစာချုပ်ပါ ၎င်း၏ တာဝန်ဝတ္တရားများကို ချိုးဖောက်နေသည်ဟု ဂမ်ဘီယာနိုင်ငံမှ လက်ရှိ တရားစွဲဆိုထားခြင်းဖြစ်သည်။

၂၁။ အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို မျှဝေခြင်းဖြင့်၊ ယန္တရားသည် ရိုဟင်ဂျာများအတွက် တရားမျှတမှုကိုရှာဖွေရန်၊ ရာဇဝတ်မှုများအတွက် တာဝန်အရှိဆုံးသူများမှ တာဝန်ယူတာဝန်ခံမှုရရှိရန်နှင့် နောက်ထပ်ရက်စက်ကြမ်းကြုတ်မှုများကိုဟန့်တားရန် လက်ရှိအတူတကွ ကြိုးပမ်းဆောင်ရွက်မှုများတွင် အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ပါသည်။

## IV. အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်သည့်ရာဇဝတ်မှုများ စုံစမ်းစစ်ဆေးခြင်း

၂၂။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်မှ အာဏာသိမ်းပြီး နောက်ပိုင်းတွင် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုမြောက်သည့် အမှတ်လက္ခဏာများပါသောအမှုများ သိသိသာသာ တိုးလာသဖြင့် ယန္တရားမှ စုံစမ်းစစ်ဆေးမှုများကို သေချာပေါက် ဆက်လက်ဆောင်ရွက်ရန် ဖြစ်လာသည်။ ဝမ်းနည်းစရာမှာ၊ ဤဖြစ်ရပ်များသည် အစီရင်ခံချိန်ကာလအတွင်း အရေအတွက်များစွာ တိုးလာသည်။ သမာသမတ်ကျမှုနှင့် လျှို့ဝှက်ထားမှုဆိုင်ရာ အခြေခံမူများနှင့်အညီ ယန္တရားသည် ဤဖြစ်ရပ်များ နှင့် ဆက်စပ်၍ ဖြစ်နိုင်ခြေရှိသော ကျူးလွန်သူများနှင့် သက်ဆိုင်သည့် အချက်အလက်အားလုံးကို စုဆောင်း စိစစ်သုံးသပ်ရန် ကြိုးပမ်းနေသည်။ တစ်ဖက်တွင်လည်း သက်ရောက်မှုအားပြင်းသည့် အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှု ကျူးလွန်မှုများတွင် တာဝန်အရှိဆုံးပုဂ္ဂိုလ်များကို အရေးယူနိုင်ရန် ယန္တရား၏ အရင်းအမြစ်များကို အဓိကထား အသုံးပြုနေသည်။

၂၃။ စုဆောင်းရရှိထားသော အထောက်အထားများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်မှုများကို ကျူးလွန်ခဲ့ကြောင်းနှင့် လက်နက်ကိုင်ပဋိပက္ခ အများအပြားသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့ကြောင်း စတုတ္ထနှစ်ပတ်လည်အစီရင်ခံစာတွင် ယန္တရားမှ ထုတ်ပြန်ခဲ့သည်။[1] အဆိုပါအခြေအနေများမှာ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး၊ ယန္တရားသည် ဤတွေ့ရှိချက်များကို ပိုခိုင်မာစေရန် ရင်းမြစ်များစွာမှ ယုံကြည်ရသော အချက်အလက်များ ထပ်လောင်း စုဆောင်းထားပါသည်။

၂၄။ မြန်မာအာဏာပိုင်များသည် ယန္တရား၏ သတင်းအချက်အလက်တောင်းဆိုမှုနှင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခွင့်ကို ဆက်လက်လျစ်လျူရှုထားဆဲဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ယန္တရားသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသော အဖြစ်အပျက်များနှင့် ပတ်သက်သော များပြားလှသည့် သတင်းအချက်အလက်များကို သီးခြားလွတ်လပ်သော ရင်းမြစ်မျိုးစုံမှ ရယူနိုင်ခဲ့ သည်။ ယန္တရားသည် အဖြစ်အပျက်များဖြစ်ပြီးပြီးချင်း ထွက်လာသော သတင်းအချက်အလက်များကို လူမှုကွန်ရက် ပွင့်လင်းသတင်းရင်းမြစ်များမှလည်း ရယူလျက်ရှိသည်။ ထို့ပြင် မြေပြင်ဂြိုလ်တုပုံရိပ်နှင့် အပူဓာတ်ခံဂြိုလ်တုပုံရိပ်များကဲ့သို့ အထူးပစ်မှတ်ထားရိုက်သော ပုံများသည်

[1] A/HRC/51/4, paras. 7 and 9.

တိုက်ခိုက်မှုဖြစ်ပွားသည့် နေရာများရှိ ထိခိုက်ပျက်စီးမှုများ၊ အထူးသဖြင့် ရွာများကိုမီးရှို့သည့် အထောက်အထားများကဲ့သို့ တိကျသောအချက်အလက်များကို ပံ့ပိုးပေးပါသည်။ လူမှုကွန်ရက် ပွင့်လင်းသတင်းရင်းမြစ်နှင့် တခြားရင်းမြစ်များဖြစ်သော ဒရုန်းများ၊ မိုဘိုင်းဖုန်းများ စသည့် နည်းအမျိုးမျိုးဖြင့် မှတ်တမ်းတင်ထားသော ဒစ်ဂျစ်တယ်ပုံရိပ်များသည် အချို့သောကိစ္စများတွင် ရာဇဝတ်မှုကျူးလွန်သည့် တိုက်ရိုက်အထောက်အထားနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများနှင့် ဆက်စပ်သည့် ကျူးလွန်သူများ၏ အထောက်အထားများကို ပြသနိုင်သည်။

၂၅။ ယန္တရားသည် ယခင်အစီရင်ခံစာများတွင် ဖော်ပြထားသည့် ဦးစားပေးသတ်မှတ်မှုစံနှုန်းများအတိုင်း ယခုအစီရင်ခံသည့်ကာလတွင်လည်း တူညီသောဦးစားပေး သတ်မှတ်ချက်စံနှုန်းများဖြင့် ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိသည်။ ထိုသတ်မှတ်ချက်စံနှုန်းများမှာ ရာဇဝတ်မှု၏ အတိုင်းအဆ၊ သဘောသဘာဝ၊ ကျူးလွန်မှုပုံစံ၊ ကျူးလွန်ခံရသူများအပေါ် ထိခိုက်မှုပမာဏများ အပါအဝင် ရာဇဝတ်မှု၏သက်ရောက်မှုပြင်းအား၊ စွပ်စွဲခံရသူများ၏ တာဝန်ရှိမှုအတိုင်းအတာ၊ ရရှိနိုင်သောအထောက်အထားများ၏ ခိုင်မာမှု၊ ယန္တရား၏ အကြောင်းအရာလိုက် ဦးစားပေးအမှုများဖြစ်သော လိင်နှင့်ကျားမအခြေပြု ရာဇဝတ်မှုများနှင့် ကလေးများအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများ၊ တရားရုံး သို့မဟုတ် ခုံရုံးတို့မှ တရားစီရင်ပိုင်ခွင့် အာဏာကျင့်သုံးနိုင်ခြေရှိမှု တို့ဖြစ်သည်။ ယန္တရား၏ လုပ်ပိုင်ခွင့်တွင် လုံခြုံရေးတပ်ဖွဲ့များ ကျူးလွန်သော စစ်ရာဇဝတ်မှုများသာမက လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်၍ အခြားလက်နက်ကိုင်အဖွဲ့များမှ ကျူးလွန်သည့်ရာဇဝတ်မှုများပါ အကျုံးဝင်သည်။ ထို့အပြင် အထူးသီးသန့် ရာဇဝတ်မှုများအတွက် တာဝန်ရှိသူများကို ဖော်ထုတ်ရန် ရာထူးဖွဲ့စည်းပုံဆိုင်ရာ စုံစမ်းစစ်ဆေးစိစစ်သုံးသပ်ခြင်းတို့ အပါအဝင်၊ ယန္တရား၏ စုံစမ်းစစ်ဆေးမှုများကို ပင်မအကြောင်းအရာအလိုက် နှင့် ဆက်စပ်မှုအကြောင်းအရာ အလိုက် ယှဉ်တွဲလုပ်ဆောင်လျက်ရှိသည်။

၂၆။ ယနေ့အထိ စုဆောင်းရရှိထားသော အထောက်အထားများအရ၊ မြန်မာစစ်တပ်နှင့် ၎င်း၏ ဆက်စပ်နေသော ပြည်သူ့စစ်များသည် စစ်ရာဇဝတ်မှုမြောက်သည့် တိုက်ခိုက်မှုပုံစံသုံးမျိုးကို အကြိမ်ရေတိုးပြီး ပြောင်ပြောင်တင်းတင်း ကျူးလွန်လာသည်။ ဤတိုက်ခိုက်မှုသုံးမျိုးမှာ (က) အရပ်သားများအား မရှောင်ရှားမခွဲခြားဘဲ သို့မဟုတ် အင်အားအလွန်အကျွံသုံး၍ ဗုံးများဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခြင်း (ခ) စစ်ပွဲအတွင်း ဖမ်းဆီးရမိသော အရပ်သားများ သို့မဟုတ် တိုက်ခိုက်သူများအား သတ်ဖြတ်ခြင်းနှင့် (ဂ) အရပ်သားနေအိမ်များနှင့် အရပ်ဘက် အဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ အကြီးအကျယ် မီးရှို့ဖျက်ဆီးခြင်း တို့ဖြစ်သည်။

၂၇။ မြန်မာစစ်တပ်သည် အရပ်သားများ၏ အသက်များစွာ ဆုံးရှုံးစေခဲ့သည့် ၎င်း၏လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများမှာ အနီးတစ်ဝိုက်ရှိ စစ်ဘက်ဆိုင်ရာပစ်မှတ်ကို တိုက်ခိုက်ခြင်းဖြစ်သည်ဟု အကြောင်းပြပြီး ဆင်ခြေပေးရန် ကြိုးပမ်းခဲ့သည်။ သို့သော်လည်း အဆိုပါတိုက်ခိုက်မှုအချို့ ဖြစ်ပွားချိန်တွင် စစ်ဘက်ဆိုင်ရာပစ်မှတ်များအတွင်း သို့မဟုတ် အနီးတစ်ဝိုက်တွင်

အရပ်သားအများအပြား ရှိနေသည်ကို စစ်တပ်မှ သိနိုင်သည့်အခြေအနေ သို့မဟုတ် သိနေသည်ကိုထောက်ပြသည့် သက်သေအထောက်အထားများကို ယန္တရားက စုဆောင်းထားသည်။ ဤအခြေအနေများသည် မရှောင်ရှားမခွဲခြားသော တိုက်ခိုက်မှု သို့မဟုတ် အင်အားအလွန်အကျွံသုံး တိုက်ခိုက်မှုကို ပုံစံတစ်ရပ်အနေဖြင့် လုပ်ဆောင်နေကြောင်း ထင်ရှားစွာ ညွှန်ပြနေသည့် စစ်ရာဇဝတ်မှုများဖြစ်သည်။ အဆိုပါ အလွန်ဆိုးရွားသောဖြစ်ရပ်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ဖို့ရန် မြန်မာစစ်တပ်က ထုတ်ပြန်ကြေညာခြင်းမရှိပေ။

၂၈။ အစီရင်ခံသည့်ကာလအတွင်း မြန်မာစစ်တပ်နှင့် ပြည်သူ့စစ်များမှ ၎င်းတို့ ဖမ်းဆီးချုပ်နှောင်ထားသော အရပ်သားများနှင့် ပြန်လည်တိုက်ခိုက်နိုင်သည့် အခြေအနေမရှိသော တိုက်ခိုက်ရေးသမားများကို အစုလိုက်အပြုံလိုက် ကွပ်မျက်သည့်အကြောင်း မျက်မြင်သက်သေများက ထွက်ဆိုသည့် မှတ်တမ်းများကို ယန္တရားမှ စုဆောင်းရရှိသည်။ ဤထွက်ဆိုချက်များကို ယန္တရားမှစုဆောင်းထားသော ပုံများ၊ မှတ်တမ်းအထောက်အထားများဖြင့် တိုက်ဆိုင်စစ်ဆေး အတည်ပြုထားသည်။ အလားတူ ဖြစ်ရပ်များသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်ရှိ တာတင်းကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်ရှိ မွန်တိုင်ပင်ကျေးရွာ၊ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်ရှိ ညောင်ပင်သာကျေးရွာ တို့တွင် ဖြစ်ပွားခဲ့သည်။ အဆိုပါ အလွန်ဆိုးရွားသော ဖြစ်ရပ်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ရန် မြန်မာစစ်တပ်က ထုတ်ပြန်ကြေညာခြင်းမရှိပေ။

၂၉။ အစီရင်ခံသည့်ကာလတွင် မြန်မာစစ်တပ်နှင့် ပြည်သူ့စစ်များသည် အရပ်သားပိုင်ပစ္စည်းများကို အကြီးအကျယ် မီးရှို့ခြင်းများနှင့် ဖျက်ဆီးခြင်းများ ဆက်လက်လုပ်ဆောင်နေကြောင်း ယန္တရားမှ စုဆောင်းထားသော အထောက်အထားများက ထပ်လောင်းဖော်ပြနေသည်။ အထူးသဖြင့် အဆိုပါဖြစ်ရပ်များသည် စစ်ကိုင်း၊ မကွေး၊ ချင်း၊ ကရင်နှင့် ကယားပြည်နယ် နေရာအများအပြားတွင် ဖြစ်ပွားခဲ့ပြီး အများအားဖြင့် ဈေးဆိုင်များ၊ ဘာသာရေးနေရာများနှင့် အရပ်သုံးယာဉ်များ ကဲ့သို့သော အရပ်သားပိုင် ပစ္စည်းဥစ္စာများ ပါဝင်သည်။ တချို့နေရာများတွင် ရွာလုံးကျွတ် ဖျက်ဆီးခံရသည်။ စုဆောင်းရရှိထားသော အထောက်အထားများအရ မီးလောင်မှုများသည် မြေပြင်ရှိစစ်သားများက တမင်တကာမီးရှို့ခြင်း သို့မဟုတ် အမြောက်ဖြင့်ပစ်ခတ်ခြင်းကြောင့် ဖြစ်ကြောင်း ဖော်ပြသည်။ ယန္တရားမှ မှတ်တမ်းတင်ထားသော မီးလောင်မှုဖြစ်စဉ်များသည် မကြာခဏဆိုသလို လူအများအပြား ဖမ်းဆီးမှု၊ သတ်ဖြတ်မှုဖြစ်ရပ်များနှင့်အတူ ဖြစ်ပေါ်လေ့ရှိပြီး၊ မြန်မာနိုင်ငံတစ်ဝှမ်းရှိ လူအများအပြား ရွှေ့ပြောင်းထွက်ခွါမှု ဖြစ်စေသည့် အကြောင်းအရာ တစ်ခုလည်းဖြစ်သည်။ အဆိုပါ အလွန်ဆိုးရွားသော ဖြစ်ရပ်များ နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေး မှုများလုပ်ရန် မြန်မာစစ်တပ်က ထုတ်ပြန်ကြေညာခြင်းမရှိပေ။

၃၀။ အထက်ဖော်ပြပါ ပုံစံတစ်ရပ်အဖြစ်ကျူးလွန်နေသည့် တိုက်ပွဲဆိုင်ရာ စစ်ရာဇဝတ်မှုများကို မြန်မာစစ်တပ်မှ စုံစမ်းစစ်ဆေးရန် ပျက်ကွက်ခြင်း သို့မဟုတ် တားဆီးရန် ပျက်ကွက်ခြင်းသည်

သိသာထင်ရှားပါသည်။ နိုင်ငံတကာဥပဒေအရ အဆင့်ဆင့်အမိန့်ပေးသောအရာရှိများသည် ၎င်းတို့၏ ကွပ်ကဲမှုအောက်တွင် ကျူးလွန်သော စစ်ရာဇဝတ်မှုများကို တားဆီးရန် သို့မဟုတ် နှိမ်နင်းရန် တာဝန်ရှိသည်။ ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်ခြင်းသည် အထက်အောက်အမိန့်ပေးမှုဆိုင်ရာစည်းမျဉ်းအရ ၎င်းတို့ပါ အဆိုပါရာဇဝတ်မှုများအတွက် တာဝန်ရှိလာနိုင်သည်။ ဤရာဇဝတ်မှုများကို အကြိမ်ကြိမ် လျစ်လျူရှုခြင်းသည် အထက်အာဏာပိုင်များကပါ ထိုရာဇဝတ်မှုများကို ကျူးလွန်ရန် ရည်ရွယ်သည်ဟု ယူဆနိုင်သည်။

၃၁။ အခြားစစ်ရာဇဝတ်မှုများဖြစ်သော မုဒိမ်းမှု၊ လူသတ်မှု၊ ကိုယ်အင်္ဂါဖြတ်တောက်မှုနှင့် ရက်စက်ကြမ်းကြုတ်စွာဆက်ဆံမှုများ ကျူးလွန်ကြောင်း ယုံကြည်စိတ်ချရသော အထောက်အထားများ စုဆောင်းထားသည်။ ထို့ပြင် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများလည်း ကျူးလွန်ကြောင်း ခိုင်လုံသော အထောက်အထားများ ရှိသည်။ အဆိုပါ ရာဇဝတ်မှုများတွင် အကျဉ်းထောင်အတွင်း မုဒိမ်းကျင့်မှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ အစဖျောက်မှု၊ အခြေခံတရားမျှတသော တရားစစ်ဆေးမှုနှင့် တရားစီရင်ရေးဆိုင်ရာ ရပိုင်ခွင့်အာမခံချက်များ မပါဘဲ အကျဉ်းချခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း နှင့် သေဒဏ်ပေးခြင်း များပါဝင်သည်။

၃၂။ အစုလိုက်အပြုံလိုက် ချုပ်နှောင်မှုများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကတည်းက လိုက်နာခြင်းမရှိသည့် အခြေခံတရားမျှတသော တရားစီရင်မှုဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်သော လက်ရှိစုံစမ်းစစ်ဆေးမှုများတွင်လည်း အရေးကြီးသော တိုးတက်မှုကို ရရှိခဲ့သည်။ ယန္တရားသည် အကျဉ်းထောင်အများအပြားတွင် ညှဉ်းပန်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခြားသော ပြင်းထန်စွာ နှိပ်စက်ညှဉ်းပန်းမှုပုံစံများနှင့် ပတ်သက်သည့် အထောက်အထားများ ပိုမိုစုဆောင်းခဲ့သည်။ အဆိုပါ အကျဉ်းထောင်များအနက် အချို့ကို စစ်တပ်မှ စီမံအုပ်ချုပ်လျက်ရှိပြီး အချို့ကို ရဲတပ်ဖွဲ့ သို့မဟုတ် မြန်မာနိုင်ငံအကျဉ်းဦးစီးဌာနမှ စီမံသည်။ ယန္တရားသည် အချို့ကိစ္စများတွင် ကျူးလွန်သူတစ်ဦးချင်းကို ဖော်ထုတ်ပြီး အချို့သောကိစ္စများတွင် သက်ဆိုင်ရာ အကျဉ်းထောင်မှ တာဝန်ရှိသူများကို မှတ်သားဖော်ထုတ်သည်။

၃၃။ မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းကြောင့်၊ ဖြစ်ပေါ်နေသော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် အတားအဆီးများရှိနေသည်။ သို့သော်လည်း ယန္တရားသည် အမျိုးသမီး၊ မိန်းကလေး၊ အမျိုးသား၊ ယောက်ျားလေးများနှင့် မတူကွဲပြားသော လိင်သတ်မှတ်ချက်ရှိသူများအပေါ် ကျူးလွန်သော လိင်နှင့်ကျားမအခြေပြု ရာဇဝတ်မှုများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ကျူးလွန်သော ရာဇဝတ်မှုများအပါအဝင် များပြားလှသော အချက်အလက်များကို ဆက်လက် စုဆောင်းနေသည်။ ယန္တရားသည် အဆိုးရွားဆုံး ရက်စက်ကြမ်းကြုတ်မှုနှင့် ထိခိုက်နစ်နာမှု အမြင့်ဆုံးဖြစ်စေသော ရာဇဝတ်မှု အထောက်အထားများကို စုဆောင်းထားသည်။ ၎င်းတို့တွင် အရာဝတ္ထုများဖြင့် မုဒိမ်းကျင့်ခြင်း၊ အခြားအရှက်သိက္ခာကို ထိပါးစော်ကားခြင်း၊ ကိုယ်လက်အင်္ဂါ ဖြတ်တောက်ခြင်း၊ အုပ်စုဖွဲ့ မုဒိမ်းကျင့်ခြင်း သို့မဟုတ် အဆက်မပြတ် မုဒိမ်းကျင့်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာကျွန်ပြုခြင်း များပါဝင်သည်။ အဆိုပါ ရာဇဝတ်မှုများအတွက် မြန်မာအာဏာ

ပိုင်များဘက်မှ စစ်ဘက် သို့မဟုတ် အရပ်ဘက် အရာရှိတစ်ဦးဦးအား တရားစွဲဆို အရေးယူအပြစ်ပေးရန် မဆိုထားနှင့် စုံစမ်းစစ်ဆေးမှုလုပ်သည်ဆိုသည့် အကြောင်းပင် ယန္တရားမှ မကြားသိရပေ။ အခြေအနေများပေါ်မူတည်၍ အဆိုပါရာဇဝတ်မှုများကို စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု သို့မဟုတ် နှစ်မျိုးလုံးအဖြစ် သတ်မှတ်နိုင်သည်။

၃၄။ ယန္တရားမှ စုဆောင်းရရှိထားသော အထောက်အထားများအရ ကလေးများသည်လည်း လူကြီးများကျူးလွန်ခံရသည့် ရာဇဝတ်မှုများနှင့် တူညီသောရာဇဝတ်မှုများ ဆက်လက်ကျူးလွန်ခံရသည်။ အသက် ၁၅ နှစ်အောက်ကလေးများကို ခေါ်ယူခိုင်းစေခြင်း၊ စစ်မှုထမ်းခိုင်းခြင်း သို့မဟုတ် လက်နက်ကိုင်ထားသူများ၏ တိုက်ခိုက်မှုများတွင် ပါဝင်လုပ်ဆောင်ခိုင်းခြင်း စသည့် အထောက်အထားများရှိသည်။ အချိုးအစားမညီမျှအောင် ထိခိုက်မှု ပြင်းထန်နိုင်ခြေရှိခြင်းနှင့် ကလေးများ၏ အားနည်းမှုကို အသုံးချကာ ပြစ်မှုကျူးလွန်စေခြင်းတို့ကြောင့် ဤရာဇဝတ်မှုများသည် အလွန်ပြင်းထန်လေးနက်သည်။ ထို့ကြောင့် ယန္တရားသည် ဤသို့သော ရာဇဝတ်မှုများ၏ နောက်ဆက်တွဲ အထောက်အထားများကို ရှာဖွေရန် အထူးသန္နိဋ္ဌာန်ချထားပါသည်။

၃၅။ ယန္တရားသည် သတင်းပေးသူများ သို့မဟုတ် စစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သူများဟု သံသယရှိခြင်းကြောင့် အကျဉ်းချုံး စီရင်ကာ ကွပ်မျက်ခံရသည့်အရပ်သားများနှင့် ပတ်သက်ပြီး ယုံကြည်ရလောက်သော အချက်အလက်များကိုလည်း ရရှိခဲ့ပါသည်။ ယင်းသို့ သတ်ဖြတ်ခြင်းသည် စစ်ရာဇဝတ်မှုတစ်ခု ဖြစ်လာနိုင်ပြီး ဤဖြစ်ရပ်များသည် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများအဖြစ်သတ်မှတ်ရန် အချက်အလက်များနှင့် ကိုက်ညီမညီကို ယန္တရားမှ အကဲဖြတ်လျက်ရှိသည်။

၃၆။ ယန္တရားသည် အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် ပတ်သက်သည့် အထောက်အထားများကို တစ်နေ့တွင် တရားစီရင်ပိုင်ခွင့်ကျင့်သုံးလာနိုင်သော နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် နိုင်ငံတကာတရားရုံးများထံ မျှဝေနိုင်ရန် ပြင်ဆင်နေသည်။ တိတိကျကျ သတ်မှတ်ထားသော ရာဇဝတ်မှု ကျူးလွန်ခြင်းများနှင့် အဆိုပါ ရာဇဝတ်မှုများ ကျူးလွန်ရာတွင် တာဝန်ရှိသူတစ်ဦးချင်းအတွက် တရားစီရင်မှုများ ပြုလုပ်ရန် အမှုဖိုင်များတည်ဆောက်ရာတွင် ယင်းသက်သေအထောက်အထားများကို အသုံးပြုမည် ဖြစ်သည်။

# V. ယန္တရား၏ အခြားလုပ်ဆောင်မှုဆိုင်ရာ တိုးတက်မှုများ

## A. အဖွဲ့ဝင်နိုင်ငံများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၃၇။ ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အများဆိုင်ရာနှင့် တစ်ဦးချင်း သတင်းအချက်အလက်ပေးသူများ၊ အခြားလုပ်ဖော်ကိုင်ဖက်များစွာ တို့မှ ယန္တရား၏လုပ်ပိုင်ခွင့်နှင့် စုံစမ်းစစ်ဆေးရေး ကြိုးပမ်းမှုများတွင် ကူညီပံ့ပိုးပေးမှုများကို

ကျေးဇူးတင် အသိအမှတ်ပြုပါသည်။ ယန္တရား၏လုပ်ပိုင်ခွင့်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ဤပံ့ပိုးကူညီမှုများသည် အလွန်ပင်အရေးကြီးပါသည်။

၃၈။ အစီရင်ခံသည့်ကာလအတွင်း၊ ယန္တရား၏လုပ်ပိုင်ခွင့်ဆိုင်ရာအကြောင်း ပိုမိုသိရှိလာစေရန် အတွက် အဖွဲ့ဝင်နိုင်ငံများနှင့် ဂျီနီဗာ၊ နယူးယောက်နှင့် မြို့တော်များစွာရှိ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်သည့် အဆင့်မြင့်ဆွေးနွေးညှိနှိုင်းပွဲများ ကျင်းပခဲ့သည်။ ဤကဲ့သို့ ထိတွေ့ဆက်ဆံခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ နယ်မြေများတွင် သက်သေအထောက်အထား စုဆောင်းခြင်းနှင့် သက်သေများနှင့်တွေ့ဆုံမေးမြန်းခြင်းများကို ဆောင်ရွက်ရန်အတွက် အရေးကြီးသော ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို မြှင့်တင်နိုင်စေခဲ့သည်။ ယနေ့အထိ ယန္တရားသည် သက်ဆိုင်ရာနိုင်ငံ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးမူဘောင် သို့မဟုတ် အစီအစဉ် တစ်ဒါဇင်ခန့်ကို သဘောတူထားပြီးဖြစ်သည်။ ထို့အပြင် ယန္တရား၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ပိုမို အားကောင်းလာစေမည့် အခြားသောသဘောတူညီမှု မူဘောင်များစွာကိုလည်း ဆက်လက် ညှိနှိုင်းနေသည်။

၃၉။ ယန္တရားသည် သက်ဆိုင်ရာ လူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံ ဆုံးဖြတ်ချက် များနှင့်အညီ မြန်မာနိုင်ငံအာဏာပိုင်များထံမှ သတင်းအချက်အလက်များ တောင်းဆိုမှုကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ လူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံတို့သည်လည်း မြန်မာနိုင်ငံအား ယန္တရား နှင့် အဓိပ္ပါယ်ရှိစွာ ထိတွေ့ဆက်ဆံ ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုထားသည်။ အစီရင်ခံသည့်ကာလအတွင်း ယန္တရားသည် မြန်မာအာဏာပိုင်များထံ နယ်မြေဝင်ရောက်ခွင့်နှင့် အာဏာပိုင်များ လက်ဝယ်ရှိ သတင်းအချက်အလက်များကို တောင်းဆိုမှု ခြောက်ကြိမ် ထပ်လောင်း ပြုလုပ်ခဲ့သည်။ ဥပမာအားဖြင့်၊ ယန္တရားသည် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် ကွပ်မျက်ခံခဲ့ရသော ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူလေးဦးအပေါ် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုမှတ်တမ်းအားလုံးကို တောင်းဆိုခဲ့သည်။ ယန္တရားသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့ သို့မဟုတ် အဆိုပါနေ့ ဝန်းကျင်တွင် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် လက်ယက်ကုန်း ကျေးရွာရှိ ကျောင်းတစ်ကျောင်းတိုက်ခိုက်ခံရမှုကဲ့သို့ အလားတူ ဖြစ်စဉ်များစွာနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို မြန်မာနိုင်ငံဘက်မှ တောင်းခံခဲ့သည်။ ယန္တရားသည် အပြည်ပြည်ဆိုင်ရာတရားရုံးမှ တရားစီရင်မှုအတွက် အထောက်အထားများ ရယူရန်အတွက် မြန်မာစစ်ဘက်ဆိုင်ရာ စုံစမ်းရေးခုံရုံး၏ လုပ်ဆောင်မှုများ အပါအဝင် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ဖြစ်ရပ်များနှင့် ပတ်သက်သည့် အချက်အလက်များကို ဆက်လက် တောင်းခံခဲ့ပါသည်။ ယန္တရားသည် အကျဉ်းထောင်များ၊ ထိန်းသိမ်းရေးစခန်းများနှင့် အခြားနေရာများသို့ ဝင်ရောက်ခွင့်ကိုလည်း ဆက်လက်တောင်းဆိုခဲ့သည်။ မြန်မာအာဏာပိုင်များသည် အဆိုပါတောင်းဆိုမှုများကို တုံ့ပြန်ခြင်းမရှိသေးသလို၊ ယန္တရားမှ ဤတောင်းဆိုထားသည့် အချက်အလက်များကို လက်ခံရရှိခြင်း မရှိသေးပါ။

၄၀။ မြန်မာနိုင်ငံပိုင်နက်အတွင်း ဝင်ရောက်ခွင့် မရှိသောကြောင့် အထောက်အထားနှင့် သက်သေအများအပြားတည်ရှိရာ အာရှ-ပစိဖိတ်ဒေသရှိ အဖွဲ့ဝင်နိုင်ငံများ၏ ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုက အထူးအရေးကြီးသည်။ ဤအခြေအနေတွင်၊ ယန္တရား၏ စုံစမ်းစစ်ဆေးရေးဆိုင်ရာ လုပ်ဆောင်မှုများအတွက် ဒေသတွင်းရှိ နိုင်ငံအချို့မှ ခိုင်မာသော ပံ့ပိုးကူညီမှု ဆက်လက်ပေးခြင်းကို ကျေးဇူးတင်စွာဖြင့် အသိအမှတ်ပြုပါသည်။ ယန္တရားသည် မြန်မာနိုင်ငံနှင့် ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများ၏ ရှုပ်ထွေးသောအခြေအနေတွင် လုပ်ကိုင်ရမှုကို နားလည်ပြီး ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများ၏ နယ်မြေများတွင် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် နောက်ထပ်ထိတွေ့ဆက်ဆံမှုများကို ကြိုးပမ်းနေသည်။ တန်ဖိုးမြင့်မားပြီး လုံခြုံရေးအန္တရာယ်ရှိနေသော သက်သေများကို ကာကွယ်ပံ့ပိုးကူညီပေးရန်နှင့် ယန္တရားနှင့်ပူးပေါင်းဆောင်ရွက်မှုကြောင့် လက်တုံ့ပြန် တိုက်ခိုက်ခံရမှုကို တားဆီးရန်၊ ယန္တရားသည် အာရှ-ပစိဖိတ် ဒေသတွင်းနှင့် ဒေသပြင်ပရှိ အဖွဲ့ဝင်နိုင်ငံအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုရရှိရေးကိုလည်း ကြိုးပမ်းလျက်ရှိသည်။

၄၁။ ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်သည့် ကြီးလေးသောရာဇဝတ်မှုများ၏ အချက်အလက်နှင့် အထောက်အထားများရရှိရာ အရေးကြီးသော ရင်းမြစ်အဖြစ်ဆက်ရှိနေသည့် အရပ်ဘက်အဖွဲ့အစည်းများ၊ အခြားအဖွဲ့များနှင့် ခိုင်မာသောဆက်ဆံရေး ထူထောင်နိုင်ရန် အတွက် အာရုံစိုက်လျက်ရှိသည်။ ထိုအဖွဲ့အစည်းများသည် မှုခင်းဖြစ်ပွားရာနေရာနှင့် အသက်ရှင်ကျန်ရစ်သူများထံ ချက်ချင်းဝင်ရောက်နိုင်သည့် အခြေအနေရှိသောကြောင့် ၎င်းတို့တွင် အဖိုးမဖြတ်နိုင်သော ကျူးလွန်ခံရသူ/အသက်ရှင်ကျန်ရစ်သူများ၏ ပြောကြားချက်များရှိသည်။ ၎င်းတို့၏ ကျယ်ကျယ်ပြန့်ပြန့်နှင့် တိတိကျကျသိမှုများကြောင့် ကြီးလေးသောရာဇဝတ်မှု ကျူးလွန်နေမှုများအပေါ် ယန္တရား၏နားလည်မှုကို နက်ရှိုင်းစေပြီး လူတစ်ဦးချင်းစီ သို့မဟုတ် ရပ်ရွာလူထု ရင်ဆိုင်နေရသော ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပြဿနာများ၊ ပံ့ပိုးကူညီမှုဆိုင်ရာ အရင်းအမြစ်များရရှိနိုင်မှု အခြေအနေများကို ပိုမိုသိရှိစေသည်။ ၎င်းတို့၏ တည်နေရာ နီးကပ်မှု၊ အသိပညာနှင့် အဆက်အသွယ်များအရ စုဆောင်းထားနိုင်ဖွယ်ရှိသော အချက်အလက်များရရှိရန်၊ သို့မဟုတ် စုံစမ်းဆဲရာဇဝတ်မှုတွင် ကိုယ်တိုင်ကြုံတွေ့ခဲ့သည့် သက်သေများနှင့် အချိတ်အဆက်ရရှိရန် ယန္တရားသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပုံမှန်ထိတွေ့ ဆက်ဆံပါသည်။ ယန္တရားသည် အာရှ-ပစိဖိတ်ဒေသတွင်းနှင့် ပြင်ပရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ကျယ်ပြန့်သောကွန်ရက်နှင့် အလွတ်သဘော၊ တရားဝင်သဘော နှစ်မျိုးလုံးဖြင့် တက်ကြွစွာ ချိတ်ဆက်ဆောင်ရွက်ခဲ့ပါသည်။ အခြေအနေများစွာတွင် လုံခြုံရေးအန္တရာယ် ကြီးကြီးမားမားရှိသည့်ကြားက ယန္တရားအား သတင်းအချက်အလက်နှင့် ပံ့ပိုးကူညီမှုပေးသော လူတစ်ဦးချင်းနှင့် အဖွဲ့အစည်းများစွာကို လေးနက်စွာ ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။

၄၂။ အစီရင်ခံသည့်ကာလအတွင်း ယန္တရားသည် မိမိ၏လုပ်ပိုင်ခွင့်နှင့်ဆိုင်သော အမှုအချက်အလက်များ ရရှိထားသော ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန် ဆက်လက်ကြိုးပမ်းခဲ့သည်။ ယန္တရားသည် ၂၀၂၃ ခုနှစ် ဧပြီလတွင် အတည်ပြုခဲ့သော လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၅၂/၃၁ ကိုကြိုဆိုပါသည်။ ယင်းဆုံးဖြတ်ချက်တွင် ကောင်စီသည် ကုလသမဂ္ဂအဖွဲ့အားလုံးကို ယန္တရားနှင့် တတ်နိုင်သမျှ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်နှင့် နောင်တရားစွဲဆိုမှုများတွင် အသုံးပြုနိုင်မည့် အထောက်အထားများ မျှဝေရန် တိုက်တွန်းထားသည်။ အဆိုပါ ဆုံးဖြတ်ချက်နှင့်အညီ၊ မြန်မာနိုင်ငံတွင်းရှိ ကုလသမဂ္ဂအဖွဲ့များ လက်ရှိရင်ဆိုင်နေရသည့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အခက်အခဲနှင့် စိန်ခေါ်ချက်များကို အပြည့်အဝသိရှိ နားလည်ပြီး၊ ယန္တရား၏ အကူအညီတောင်းခံမှုများကို မဆောင်ရွက်ပေးနိုင်သေးသော ကုလသမဂ္ဂအဖွဲ့များထံမှ ပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီမှုများ ရရှိရန် ယန္တရား၏ကြိုးပမ်းမှုများကို ဆတိုး လုပ်ဆောင်သွားမည် ဖြစ်သည်။

## B. သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ဆွေးနွေးပွဲများ၊ လူထုဆက်ဆံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း

၄၃။ ယန္တရားသည် အဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို နယ်ပယ်မျိုးစုံမှ ပါဝင်ပတ်သက်သူများကြားတွင် ပိုမိုနားလည်သဘောပေါက်စေရန် တင်ပြခြင်းသည် လုပ်ငန်းထိရောက်မှုအတွက် အရေးကြီးသည်ဟု ယုံကြည်ပါသည်။ ယန္တရား၏လုပ်ဆောင်မှုများတွင် အတူပါဝင်ကြသည့် မတူကွဲပြားသောအသိုင်းအဝိုင်းများနှင့် ထိတွေ့ဆက်ဆံရာတွင် များပြားလှသော လမ်းကြောင်းများကို အသုံးပြုကာ ယန္တရားမှ လုပ်ဆောင်နိုင်သည့်အရာ၊ မလုပ်ဆောင်နိုင်သည့်အရာ၊ ယန္တရား၏လုပ်ဆောင်ပုံနည်းလမ်းများနှင့် အချက်အလက်မျှဝေရန် အလုံခြုံဆုံးနှင့် လျှို့ဝှက်နည်းလမ်းများကို ယင်းတို့ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်စေရန် ကြိုးပမ်းပါသည်။ ထို့ကြောင့် ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများနှင့် ဒေသခံ သို့မဟုတ် ဒေသဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများထံသို့ ပုံမှန်ကမ်းလှမ်းဆက်သွယ်မှုများကို အဓိက ဦးစားပေးဆောင်ရွက်သည်။ ယန္တရားသည် ဝဘ်ဆိုဒ်နှင့် ဖေ့စ်ဘုတ်အပါအဝင် သတင်းလွှာများ၊ ကြေညာချက်များ၊ အဖြစ်အပျက်များနှင့် လျှို့ဝှက်အပ်သောအကြောင်းအရာများကို အမျိုးမျိုးသော ပရိသတ်များထံ ရောက်ရှိရန် အများနှင့်ဆိုင်သော လမ်းကြောင်း နှင့် သီးသန့်လမ်းကြောင်း စသည်ဖြင့် လမ်းကြောင်းမျိုးစုံကို အသုံးပြုသည်။

၄၄။ ယန္တရားနှင့်စပ်လျဉ်း၍ ပါဝင်ပတ်သက်သူများ၏ စိုးရိမ်မှုများ၊ အမြင်များနှင့် မျှော်လင့်ချက်များအား နားထောင်ခြင်းကို ယန္တရားသည် တူညီစွာ အလေးအနက်ထားပါသည်။ ယင်းနှင့်ပတ်သက်၍ အစီရင်ခံသည့်ကာလအတွင်း ယန္တရား၏ပထမဆုံးသော အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ အာရှ-ပစိဖိတ်ဒေသတွင်းနှင့်

ပြင်ပရှိ မတူကွဲပြားသော အသိုက်အဝန်းများကို ကိုယ်စားပြုသော အရပ်ဘက်လူမှုအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်အဖွဲ့များ စုစည်းကာ လူကိုယ်တိုင်တက်ရောက်သည့် ဆွေးနွေးပွဲများ ပုံမှန်ကျင်းပသွားမည်ဖြစ်သည်။ ပထမအကြိမ် ဆွေးနွေးပွဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း (၂၀) မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ၎င်းတို့နှင့် ပိုမိုခိုင်မာသော ဆက်ဆံရေးများ တည်ဆောက်ကာ အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့ကို တိုးမြှင့်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် ပတ်သက်၍ သတင်းအချက်အလက်နှင့် အထောက်အထားများ စုဆောင်းရန် ကြိုးပမ်းမှုများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ရှေ့တန်း၌ ရှိနေသည်။ ထို့ကြောင့် ၎င်းတို့သည် သတင်းအချက်အလက်များရရှိရေးအတွက် အရေးကြီးသောရင်းမြစ်များဖြစ်ပြီး ယန္တရားသည် ၎င်းတို့နှင့် ထိတွေ့ဆက်ဆံမှုကို တန်ဖိုးထားပါသည်။

၄၅။ သုံးရက်ကျော်ကြာဆွေးနွေးမှုတွင် ယန္တရားဝန်ထမ်းများသည် လက်ရှိ တာဝန်ယူတာဝန်ခံမှု ဆိုင်ရာအခင်းအကျင်း၊ ယန္တရား၏ လုပ်ပိုင်ခွင့်နှင့် လုပ်ပုံကိုင်ပုံနည်းလမ်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများမှ မျှဝေထားသည့် အချက်အလက်များကို ယန္တရားမှ အမှုတွဲဖိုင်များ တည်ဆောက်ရန် မည်သို့အသုံးပြုကြောင်း အသေးစိတ်အချက်အလက်များကို မျှဝေခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပါဝင်သူများသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် လက်တွေ့အခြေအနေနှင့် စိန်ခေါ်မှုများ၊ ယင်းအခြေအနေများသည် ယန္တရားနှင့် ထိတွေ့ဆက်ဆံမှုကို မည်ကဲ့သို့အကျိုးသက်ရောက်စေကြောင်း ဆွေးနွေးခဲ့သည်။ ပါဝင်သူများ သည် လုံခြုံရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အခြားသော စိန်ခေါ်မှုများနှင့် ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်မှုများကို တင်ပြခဲ့ကြပြီး၊ ဤတင်ပြချက်များသည် ယန္တရား၏ လုပ်ငန်းခွင်တွင်း နည်းလမ်းများအတွက် ပိုမိုကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများအဖြစ် မွမ်းမံတိုးတက်စေမည် ဖြစ်သည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာသူများသည် ယန္တရားနှင့် ခိုင်မာစွာ ပူးပေါင်းဆောင်ရွက် လိုကြောင်း ပြောကြားခဲ့ကြပြီး ယန္တရား၏ လုပ်ပိုင်ခွင့်နှင့် ကန့်သတ်ချက်များကို ပိုမို နက်ရှိုင်းစွာ နားလည်သဘောပေါက်ခဲ့ကြသည်။ ပါဝင်သူများသည် နိုင်ငံတကာ တရားစီရင်ရေးနှင့် တာဝန်ခံမှုဖြစ်ထွန်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုနားလည်သဘောပေါက်လာကြောင်း ဖော်ပြခဲ့သည်။ ရေရှည်တွင် ဤဆွေးနွေးပွဲများသည် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ယန္တရား၏ လူထုဆက်ဆံရေးလုပ်ငန်းတွင် ပုံမှန်အစိတ်အပိုင်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။ ယန္တရားသည် ဆွေးနွေးပွဲကို လက်ခံကျင်းပပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်းနှင့် ပံ့ပိုးကူညီခြင်းများအတွက် အဖွဲ့ဝင်နိုင်ငံအချို့ကို အခိုင်အမာကျေးဇူးတင် အသိအမှတ်ပြုပါသည်။

၄၆။ ပါဝင်ပတ်သက်သူ အသီးသီးနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှုအပြင်၊ ယန္တရား၏ဝဘ်ဆိုဒ်နှင့် ဖေ့စ်ဘုတ်စာမျက်နှာသည် သတင်းအချက်အလက်ဖြန့်ဝေခြင်းနှင့် လူအများနှင့် ထိတွေ့ဆက်ဆံ ခြင်းအတွက် အဓိကပလက်ဖောင်းများအဖြစ် ဆက်လက်ရှိနေသည်။ ဤနေရာ နှစ်ခုလုံးတွင်

အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့်ဖော်ပြထားပြီး၊ ရိုဟင်ဂျာဘာသာစကားဖြင့် အသံဖိုင် အချက်အလက်များလည်း ရနိုင်ပါသည်။ ဝဘ်ဆိုက်သည် အချိန်နှင့် တပြေးညီ သတင်းထုတ်ပြန်ချက်နှင့် ကြေငြာချက်များ ဖြန့်ဝေခြင်း၊ ယန္တရားအား လုံခြုံစွာနှင့် လျှို့ဝှက်စွာ ဆက်သွယ်ရမည့် အချက်အလက်များကို မျှဝေခြင်း၊ ယန္တရား၏ လုပ်ပိုင်ခွင့်နှင့် လုပ်ဆောင်ချက်များအကြောင်း မကြာခဏမေးလေ့ရှိသော မေးခွန်းများအတွက် အဖြေများပေးခြင်း တို့အတွက် ထိရောက်သော နေရာတစ်ခုဖြစ်သည်။ ပရိသတ် ၇၅,၀၀၀ ကျော်ရှိသော ယန္တရား၏ ဖေ့စ်ဘုတ်စာမျက်နှာသည် မြန်မာလူထုအများစုနှင့် ပုံမှန်ထိတွေ့ဆက်ဆံရန်အတွက် အရေးကြီးပါသည်။ ၎င်းစာမျက်နှာတွင် ယန္တရား၏ ရှုပ်ထွေးသော ဥပဒေဆိုင်ရာအလုပ်များကို အလွတ်သဘော သတင်းအချက်အလက်များ မျှဝေရန် နှင့် ယန္တရား၏လုပ်ပိုင်ခွင့်နှင့် လုပ်ပုံလုပ်နည်းရှုထောင့်များကို ရှင်းပြနိုင်သည်။

၄၇။ ယန္တရားသည် မိမိ၏ရှုပ်ထွေးသော လုပ်ပိုင်ခွင့်အကြောင်း လူထုထံသတင်းစကားပါးရာတွင် ရိုးရှင်းစွာ တင်ပြမှုသာ မတူညီသောဘာသာစကားပြောဆိုပြီး စာတတ်မြောက်မှုအဆင့် အမျိုးမျိုးရှိသည့် ပရိတ်သတ်များစွာက ပိုမိုနားလည် အမှတ်ရနိုင်မည် ကို နားလည်ပါသည်။ ထို့ကြောင့် လာမည့်အစီရင်ခံစာကာလတွင် ယန္တရား၏ ဝဘ်ဆိုက်ရှိ ဘာသာစကားနှင့် သတင်းပါးခြင်းကို ရိုးရိုးရှင်းရှင်းဖြစ်စေရန်၊ ယန္တရားနှင့်ပတ်သက်သည့် အချက်အလက်များကို မတူကွဲပြားသောပရိသတ်များမှ အလွယ်တကူနားလည်နိုင်စေရန်နှင့် အမျိုးမျိုးသော ဆက်သွယ် ရေးလမ်းကြောင်းများတွင် အလွယ်တကူမျှဝေအသုံးပြုနိုင်စေရန်အတွက် ရုပ်မြင်ပုံရိပ်နှင့် အချက် အလက်များ ထည့်သွင်းဖော်ပြခြင်းကို အာရုံစိုက်သွားမည်ဖြစ်သည်။

၄၈။ ယန္တရားအပေါ် မီဒီယာနှင့် လူထုစိတ်ဝင်စားမှုများလည်း ဆက်တိုက်ရှိနေခဲ့သည်။ သတင်းထုတ်ပြန်ချက်များ၊ ကြေငြာချက်များ၊ သတင်းစာရှင်းလင်းမှုများနှင့် တွေ့ဆုံမေးမြန်းမှုများအား မြန်မာနိုင်ငံသုံးဘာသာစကားများ အပါအဝင်၊ ဩဇာကြီးမားသော ကမ္ဘာနှင့် ဒေသတွင်း မီဒီယာများတွင် ပုံမှန်ဖော်ပြခဲ့သည်။ ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက မိမိ၏လုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးပွဲများ ကျင်းပသော အခါတွင်လည်း အကြိမ်များစွာ ပါဝင်ခဲ့သည်။ ယန္တရား၏ တစ်နှစ် နှစ်ကြိမ်ထုတ်ပြန်သော သတင်းလွှာသည် အဖွဲ့အစည်းဆိုင်ရာ နောက်ဆုံးရသတင်းများနှင့် အဓိကလုပ်ဆောင်မှုများကို မီးမောင်းထိုးပြပြီး အဖွဲ့ဝင်နိုင်ငံများနှင့် အခြား အဓိက ပါဝင်ပတ်သက်သူများထံ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပါသည်။

၄၉။ အထွေထွေညီလာခံသို့ ၂၀၂၂ ခုနှစ် ဘတ်ဂျက်တင်သွင်းမှုတွင် ပေးထားသော ကတိကဝတ် နှင့်အညီ၊[2] ယန္တရားသည် ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတစ်လျှောက် လုပ်ဆောင်ခဲ့သော မိမိတို့၏ လူထုဆက်ဆံရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ မဟာဗျူဟာ၏ အကျိုးထိရောက်မှုကို စိစစ်သုံးသပ်သည့် ကိုယ်တိုင်အကဲဖြတ်မှု ပြုလုပ်ပြီးစီးခဲ့ပါသည်။ ဌာနတွင်းနှင့်ဌာနပြင်ပ

[2] See A/76/6 (Sect. 8), para. 8.215.

တိုင်ပင်ဆွေးနွေးမှုများအပေါ် အခြေခံ၍ ရလာသော စိစစ်သုံးသပ်ချက်နှင့် အကြံပြုချက်များအတိုင်း ယန္တရား၏ လူထုဆက်ဆံရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ မဟာဗျူဟာကို မွမ်းမံပြင်ဆင်သွား မည်ဖြစ်ပြီး၊ ၎င်းလုပ်ငန်းများကို လာမည့်နှစ် အစီရင်ခံကာလတွင် ပြီးမြောက်စေမည် ဖြစ်သည်။

## C. သက်သေ ကာကွယ်ရေးနှင့် ပံ့ပိုးရေး

၅၀။ ယန္တရားသည် ရက်စက်ကြမ်းကြုတ်မှု ကျူးလွန်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများ ခံစားရသည့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများကို အထူးသတိပြုမိပါသည်။ ထိုကျူးလွန်ခံရသူ/ အသက်ရှင်ကျန်ရစ်သူများကို ၎င်းတို့ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များ ပြန်လည်စဉ်းစားပြောပြရန် မေးမြန်းသည့်အခါ စိတ်ဒဏ်ရာများ ထပ်မံပြန်ဖြစ်နိုင်သည့် အလားအလာရှိသည်ကိုလည်း နားလည်ပါသည်။ ထို့ကြောင့် ယန္တရားသည် လုပ်ငန်းတာဝန်သတ်မှတ်ချက်များနှင့်အညီ၊ ရှင်သန်ကျန်ရစ်သူများအား ကူညီ ပံ့ပိုးပေးနိုင်သည့် ကျွမ်းကျင်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေပါသည်။ အလားတူပင် အသက်ရှင်ကျန်ရစ်သူများမှ ပြောကြားသော ၎င်းတို့ကြုံတွေ့ခဲ့ရသည့် ရက်စက်ကြမ်းကြုတ်မှုများကို ထပ်ခါတလဲလဲ နားထောင်ရပြီး၊ ဆိုးရွားလှသော မှုခင်းမြင်ကွင်းများကို ဖော်ပြထားသည့် မြောက်များစွာသော မှတ်တမ်းများ၊ ဓာတ်ပုံများနှင့် ဗီဒီယိုများကို ကြည့်ရှုသုံးသပ်ရသည့် ဝန်ထမ်းများတွင် ကျန်းမာရေးဆိုင်ရာ ပြင်းထန်သော သက်ရောက်မှုများ ဖြစ်နိုင်ပါသည်။ ဝန်ထမ်းများကျန်းမာရေးစီမံကိန်းအဖြစ်၊ ဝန်ထမ်းများ၏ စိတ်ဒဏ်ရာဖြစ်ဖွယ်ကိစ္စများနှင့် ထိတွေ့မှု၏ အန္တရာယ်ကိုဖြေရှင်းရန် ယန္တရားသည် ၂၀၂၃ ခုနှစ်တွင် တဆင့်ခံစိတ်ဒဏ်ရာ အစီအစဉ်ကို စတင်ခဲ့သည်။ အဆိုပါ အစီအစဉ်တွင် မန်နေဂျာများ၊ အရာရှိများကို ဆွေးနွေးရှင်းပြခြင်း၊ ဝန်ထမ်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် တဆင့်ခံစိတ်ဒဏ်ရာများအကြောင်း အသိပညာများ တိုးပွားစေရန် ရည်ရွယ်ပါသည်။

၅၁။ ယခင်နှစ်အစီရင်ခံစာနှင့် အခြားနိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တာဝန်ခံမှုယန္တရားများ၏ အကောင်းဆုံးအလေ့အကျင့်များမှ ရရှိသော သင်ခန်းစာများကို အခြေခံ၍ ယန္တရားသည် သက်သေအား ပံ့ပိုးကူညီမှုနှင့် အကာအကွယ်ပေးနိုင်မှု စွမ်းရည်များကို ဆက်လက်တိုးမြှင့်လျက်ရှိသည်။ ယန္တရားသည် မကြာသေးမီက သွားရောက်သော စုံစမ်းစစ်ဆေးရေးမစ်ရှင်များအတွင်း လိုအပ်ချက်နှင့်အညီ မွမ်းမံပြုပြင်ထားသော သက်သေပံ့ပိုးမှုနှင့် ကာကွယ်ရေး ပုံစံတစ်ရပ်ကို ဖော်ဆောင်ခဲ့သည်။ ၎င်းပုံစံမှာ ယန္တရား၏ လုပ်ပိုင်ခွင့်နှင့်အညီ ကျူးလွန်ခံရသူ/အသက်ရှင်ကျန်ရစ်သူ အပေါ် ဗဟိုပြုချဉ်းကပ်ကာ၊ တန်ဖိုးမြှင့်အထောက်အထားများကို ပေးနိုင်ပြီး အန္တရာယ်နှင့်ထိခိုက်မှု ဖြစ်လွယ်သော သက်သေများအတွက် အကာအကွယ်နှင့် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ခြင်းဖြစ်သည်။ ယန္တရားသည် မငြိမ်မသက်ဖြစ်ရာဒေသများရှိ သက်သေများ အပါအဝင်၊ သက်သေများနှင့်

ထိတွေ့ဆက်ဆံမှု များပြားလာသောကြောင့်၊ ယန္တရား၏ သက်သေကာကွယ်မှုဆိုင်ရာ လိုအပ်ချက်များ သိသိသာသာ တိုးလာသည်။ ယနေ့အထိ၊ ယန္တရားသည် မျက်မြင်သက်သေများနှင့် မဆက်သွယ်မီ ကြိုတင်၍ ၎င်းတို့အပေါ် ကျရောက်နိုင်သော လုံခြုံရေးအန္တရာယ် အလားအလာ ဆန်းစစ်ချက်ပေါင်း ၃၅၀ ကျော်ကို ပြုလုပ်ခဲ့သည်။ အရေးကြီးသည်မှာ၊ ယန္တရားသည် မျက်မြင်သက်သေများ၏ လုံခြုံမှုကို သေချာစေမည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန်နှင့်၊ သက်သေများကို ဆက်လက်ပံ့ပိုးပေးနိုင်ရန် မြေပြင်ရှိ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်လက်လုပ်ဆောင်ရန်ဖြစ်သည်။ ယန္တရားသည် လုပ်ငန်းများ၏ အထူးသီးသန့်အခြေအနေနှင့် ကိုက်ညီမည့် သက်သေကာကွယ်ရေးနှင့် ပံ့ပိုးကူညီရေး လုပ်ဆောင်မှုဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ထားသည်။

၅၂။ အထူးသဖြင့်၊ အရေးကြီးသောသက်သေများအား ကာကွယ်ရေးနှင့် ပံ့ပိုးကူညီရေး ဝန်ဆောင်မှုများရရှိရေးနှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများသည် ယန္တရားအတွက် အဖိုးမဖြတ်နိုင်သော မိတ်ဖက်များအဖြစ် ဆက်လက်ရှိနေပါသည်။ အဖွဲ့ဝင်နိုင်ငံများမှ အပိုဘဏ္ဍာငွေ အရင်းအမြစ်များသည် ယန္တရား၏ သက်သေကာကွယ်ရေးနှင့် ပံ့ပိုးမှုစွမ်းရည်များကို ပိုမိုအားကောင်းစေခဲ့သည်။ ဤပံ့ပိုးမှုသည် အထူးသဖြင့် ကြီးလေးသည့် အန္တရာယ်ရင်ဆိုင်နေရသော တန်ဖိုးမြင့်အထောက်အထားများပေးနိုင်သည့်သက်သေများနှင့် ဆေးဘက်ဆိုင်ရာ နှင့်/သို့မဟုတ် လူမှုစိတ်ပိုင်းဆိုင်ရာ အကူအညီလိုအပ်သည့် သက်သေများအတွက် အထောက်အပံ့ ဖြစ်ခဲ့သည်။

## D. ဝန်ထမ်း၊ ရင်းမြစ်ပစ္စည်းများနှင့် သတင်းအချက်အလက်နည်းပညာ လုံခြုံရေး

၅၃။ ယန္တရားသည် စုံစမ်းစစ်ဆေးရေးမစ်ရှင်သွားခြင်းများ ပိုမိုလုပ်ဆောင်နေပြီး လုံခြုံရေးအခြေအနေ ပိုဆိုးရွားလာသည့် နေရာများရှိ သက်သေအများအပြားနှင့် တွေ့ဆုံမေးမြန်းမှုများ ပိုတိုးလာသည်။ ယန္တရားသည် မြန်မာနိုင်ငံနှင့် အခြားနေရာများတွင် အရေအတွက် တဖြည်းဖြည်းတိုးလာပြီး အန္တရာယ်နှင့် ရင်ဆိုင်နေရသော ထိခိုက်လွယ်သက်သေများနှင့်လည်း ထိတွေ့ဆောင်ရွက်နေပါသည်။ ဤအခြေအနေတွင်၊ ယန္တရား၏ လုပ်ငန်းလည်ပတ်မှုများ ပိုမိုရှုပ်ထွေးလာပြီး၊ ဝန်ထမ်းနှင့် ပိုင်ဆိုင်မှုပစ္စည်းကိရိယာများအပြင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ အကဲဖြတ်လုပ်ဆောင်မှုများ တိုးမြင့်လုပ်ကိုင်ရပါသည်။ နယ်ပယ်သုံးရပ်ရှိ လုံခြုံရေးအကဲဖြတ်မှုများနှင့် အစီအမံများသည် ယန္တရား၏ နေ့စဉ်လုပ်ဆောင်မှုတွင် မရှိမဖြစ် အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပါသည်။

၅၄။ ယန္တရားသည် အထူးလုံခြုံရေးအန္တရာယ် အကဲဖြတ်မှုအပေါ် အခြေခံ၍ လိုအပ်သော ဘေးကင်း လုံခြုံရေးအစီအစဉ်များကို လုပ်ငန်းဆောင်ရွက်မှု ကဏ္ဍအားလုံးတွင် ထည့်သွင်းပေါင်းစပ်ထားသည်။ ဤအစီအစဉ်များကို ဂျီနီဗာရုံးနှင့် စုံစမ်းစစ်ဆေးရေးမစ်ရှင်

သွားသည့်အခါများတွင် ထည့်သွင်းလုပ်ဆောင်ပါသည်။ အဆိုပါတာဝန်များတွင် ပိုများလာသော ခြိမ်းခြောက်သူများနှင့် ၎င်းတို့၏ လှုပ်ရှားမှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် စိစစ်သုံးသပ်ခြင်းတို့ ပါဝင်သည်။ ထို့နောက် ပုံမှန်ခြုံငုံသုံးသပ်ကာ ပြင်ဆင်ထားသော နိုင်ငံ သို့မဟုတ် ဧရိယာအလိုက် ခြိမ်းခြောက်မှုအန္တရာယ် အကဲဖြတ်ချက်များကို ထုတ်ပြန်ပါသည်။ ယန္တရားသည် ကောင်းမွန်စွာ ထူထောင်ထားသော ဆက်သွယ်ရေးလမ်းကြောင်းများကို အသုံးပြု၍ နေရာအသီးသီးရှိ ကုလသမဂ္ဂစနစ်အဖွဲ့အစည်းများ၏ လုံခြုံရေးဆိုင်ရာ ဆက်သွယ်စကားပြောသူများနှင့် အနီးကပ် ညှိနှိုင်းဆောင်ရွက်ပြီး ကြိုတင်ပြင်ဆင်မှုအစီအမံများကို လုပ်ဆောင်သည်။ ဤသို့ဆောင်ရွက်ခြင်းအားဖြင့် အစီရင်ခံသည့်ကာလအတွင်း စုံစမ်းစစ်ဆေးရေးမစ်ရှင်များနှင့် အခြားလုပ်ဆောင်မှုများ၏ ဘေးကင်းရေးနှင့် လုံခြုံရေးကို အထောက်အကူဖြစ်စေသည်။

၅၅။ ယန္တရားသည် ဒစ်ဂျစ်တယ်ဆိုင်ရာ စောင့်ကြပ်ခြင်းနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးစနစ်များအပေါ် ကျရောက်နိုင်ခြေရှိသော အန္တရာယ်များနှင့် ပတ်သက်သည့် ဆိုက်ဘာလုံခြုံရေးစိန်ခေါ်မှုများကို ပြင်းပြင်းထန်ထန် သတိထားလျက်ရှိသည်။ ယန္တရားသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၏ လုံခြုံရေးနှင့် ပတ်သက်၍ နိုးကြားမှု အဆင့်မြင့်တင်ထားပြီး ယန္တရား၏ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်နှင့် ဝန်ထမ်းများကိုလည်း ဆိုက်ဘာတိုက်ခိုက်မှုများကို ဟန့်တားတုံ့ပြန်နိုင်စွမ်းရှိစေရန် စဉ်ဆက်မပြတ် လေ့ကျင့်မှုများ ဆောင်ရွက်စေသည်။ ယန္တရား၏ နည်းပညာစနစ်များကို တိုက်ခိုက်ခြင်းနှင့် ကျူးကျော်ဝင်ရောက်ခြင်းများအား စောင့်ကြည့်ကာကွယ်သည့် စွမ်းရည်များ ပိုမိုအားကောင်းစေရန် ယန္တရားသည် ဆော့ဖ်ဝဲ ထုတ်လုပ်အသုံးပြုခဲ့သည်။ ထို့အပြင် သတင်းအချက်အလက်နှင့် နည်းပညာအသစ်များ အားလုံးကိုလည်း လုပ်ငန်းတွင်း အသုံးမပြုသေးမီ ဆိုက်ဘာလုံခြုံရေးအစီအမံများ ထည့်သွင်း ရေးဆွဲပြီး အကောင်အထည်ဖော်လျက်ရှိပါသည်။

၅၆။ စုံစမ်းစစ်ဆေးရေး လုပ်ငန်းများ တိုးမြင့်လာခြင်းနှင့် လုံခြုံရေးအခြေအနေ ယိုယွင်းလာခြင်းတို့ကြောင့် လျှို့ဝှက်မှုနှင့်လုံခြုံရေး လိုအပ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့များ အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာလုံခြုံရေးသည် မရှိမဖြစ်လိုအပ် ပါသည်။ ထို့ကြောင့် ယန္တရားသည် လုပ်ငန်းဆောင်ရွက်ရန်ခက်ခဲသော ပတ်ဝန်းကျင်သို့ မစ်ရှင်သွားသည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ လိုအပ်ချက်ကို ကောင်းစွာ ဖြည့်ဆည်းရန် မစ်ရှင်အသုံးပြုပစ္စည်းများနှင့် ဆက်သွယ်ရေးကိရိယာများ ဝယ်ယူထားသည်။

## E. နည်းပညာနှင့် အခြေခံအဆောက်အဦ

၅၇။ အစီရင်ခံသည့်ကာလအတွင်း၊ သတင်းအချက်အလက်နှင့် အထောက်အထားများကို စုဆောင်းထိန်းသိမ်းရန် ယန္တရား၏ အဓိကအထူးပြုနည်းပညာ နှင့် အခြေခံအဆောက်အဦများကို

ဆက်လက်မွမ်းမံရာ အီလက်ထရွန်းနစ် သတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ်တွင် သတင်းအချက်အလက်များကို လုံခြုံစွာကြည့်ရှု ရှာဖွေနိုင်ရန် ဆောင်ရွက်ခဲ့သည်။ ယန္တရားသည် အလားတူစိန်ခေါ်မှုများကိုရင်ဆိုင်နေရသည့် အခြားကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ဆွေးနွေးပြီး ယန္တရား၏ ပြောင်းလဲနေသောလိုအပ်ချက်များနှင့် အကိုက်ညီဆုံးသော နည်းပညာများကို ထက်သန်စွာ ရှာဖွေခဲ့သည်။ ယန္တရား၏ လူမှုကွန်ရက် ပွင့်လင်းသတင်းရင်းမြစ်နှင့် ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးသူများနှင့် စိစစ်သုံးသပ်သူများအတွက် အချက်အလက်အများအပြားကို စုဆောင်း စိစစ်သုံးသပ်ရာတွင် လွယ်ကူချောမွေ့စေရန် နောက်ဆုံးပေါ် လုပ်ငန်းသုံး နည်းပညာများ အသုံးပြုလျက်ရှိသည်။ ယန္တရားသည် ကုလသမဂ္ဂကွန်ပြူတာနှင့် ဒေတာစင်တာများနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် အွန်လိုင်းပေါ်တွင် အချက်အလက်သိမ်းဆည်းမှု နှင့် အထူးပြု ကွန်ပြူတာဆောင်ရွက်ချက်များအတွက် အသစ်တွေ့ရှိလာသောလိုအပ်ချက်များကို ပံ့ပိုးပေးရန် ယန္တရား၏ ကွန်ပြူတာစွမ်းရည်ကို တိုးချဲ့လျက်ရှိသည်။

၅၈။ ယန္တရားသည် အီလက်ထရွန်းနစ်ဖြင့် သိမ်းဆည်းထားသော အချက်အလက် စီမံခန့်ခွဲမှု စနစ်တွင် အလိုအလျောက်ပြုလုပ်သည့်စနစ်များ ထပ်တိုးတပ်ဆင်ခဲ့သည်။ အချက်အလက်များ လုံခြုံစွာထုတ်ယူ သုံးစွဲမှု၊ စီမံခန့်ခွဲမှုနှင့် စုဆောင်းထားသည်များကို စိစစ်သုံးသပ်မှုတို့ လုပ်ဆောင်ရာတွင် ရှုံးတွင်းလုပ်ငန်းများ ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ရန်ဖြစ်သည်။ ဤစနစ်တွင် သိမ်းထားသော အထောက်အထားများ ထုတ်ယူရန် လုပ်ငန်းစဉ်ကို အစမှအဆုံး အလိုအလျောက် လုပ်ဆောင်ပေးပါသည်။ ထို့ပြင် အချက်အလက်များစီမံခြင်းနှင့် စိစစ်သုံးသပ်ခြင်း၊ သတင်းပေးသူများနှင့် သက်သေများအားလုံးကို စီမံခန့်ခွဲခြင်း၊ အမှုစီမံခန့်ခွဲရန် အစီအစဉ်ဆွဲခြင်းနှင့် အခြားအဖွဲ့များထံ ယန္တရားမှ မျှဝေထားသော အချက်အလက်အားလုံးကို ခြေရာခံခြင်းတို့ကို လုပ်ဆောင်နိုင်သည်။ တိုးမြှင့်ထားသော အလိုအလျောက်စနစ်ဖြင့် လုပ်ကိုင်နိုင်ခြင်းကြောင့် ယခင်က အလုပ်ပြီးမြောက်ရန် အချိန်တစ်ပတ်ထက် ပိုလိုအပ်သော အလုပ်တချို့သည် ယခုအခါ ရက်အနည်းငယ်အတွင်း ပြီးစီးနိုင်ပြီဖြစ်သည်။

၅၉။ အစီရင်ခံသည့်ကာလအတွင်း၊ ယန္တရားသည် စိစစ်သုံးသပ်မှုလိုအပ်ချက်များကို ဆောင်ရွက်ရန်အတွက် အရေးကြီးသော နည်းစနစ်ဖြေရှင်းမှုများစွာကို ဖြည့်စွက်ဖန်တီးရာတွင်လည်း တိုးတက်မှုရှိလာပါသည်။ ယန္တရားသည် စာသားအချက်အလက်များကို ဆက်စပ်ဆန်းစစ်မှုများ လုပ်ဆောင်ရန်အတွက် လိုအပ်သော ဒေတာခွဲခြမ်းစိတ်ဖြာမှု ပလက်ဖောင်းတစ်ခု တပ်ဆင်ပြီးစီး ခဲ့သည်။ ၎င်းသည် ယနေ့အထိ စုဆောင်းထားသော အလွန်များပြားသည့် စာသားအချက်အလက်များကို စုံစမ်းရေးအဖွဲ့များ၏ လိုအပ်ချက်နှင့် အံဝင်ခွင်ကျ ပြီးပြည့်စုံသော စိစစ်သုံးသပ်ချက်များ ပြင်ဆင်ရန်အတွက် အသုံးချနိုင်မည်ဖြစ်သည်။ ယန္တရားသည် မီဒီယာသတင်းခွဲခြမ်းစိတ်ဖြာမှု ပလက်ဖောင်းတစ်ခုကိုလည်း တပ်ဆင်ပြီးစီးခဲ့သည်။ ၎င်းသည် များပြားလှသောအချက်အလက်များအနက် အသွင်တူပုံစံများနှင့် ချိတ်ဆက်မှုများကို ရှာဖွေခွဲထုတ်နိုင်ပြီး၊ ဒစ်ဂျစ်တယ်မီဒီယာဖိုင်များနှင့် ဗွီဒီယိုပုံရိပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊

အမျိုးအစားခွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို လွယ်ကူစွာဆောင်ရွက်နိုင်သည်။ တစ်ချိန်တည်းမှာပင် ယန္တရားသည် လူ၏ စိစစ်သုံးသပ်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်သော ကွန်ပျူတာဆော့ဖ်ဝဲလ်ကို ဆက်လက်ဖော်ဆောင်ခဲ့သည်။ အဆိုပါ ဆော့ဖ်ဝဲလ်သည် မြောက်များစွာသော အထောက်အထား၊ ဓာတ်ပုံများနှင့် ဗီဒီယိုများရှိ အချက်များကို အလိုအလျောက် ထောက်လှမ်းသည့်စနစ်ဖြင့် အမျိုးအစားခွဲခြင်းနှင့် အဓိပ္ပါယ်ဆက်စပ်မှုရှိသည်များကို ရှာဖွေပေးခြင်းများ လုပ်ဆောင်နိုင်သည်။။

၆၀။ ယန္တရားသည် မြန်မာဘာသာမှ အင်္ဂလိပ်သို့ စက်ဖြင့်ဘာသာပြန်ဆိုနိုင်မှု နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်လည်း ဆက်လက်လုပ်ဆောင်နေသည်။ ယန္တရား၏ လိုအပ်ချက်များအတွက် လက်ရှိ ရယူသုံးစွဲနိုင်သော နည်းပညာများနှင့် မလုံလောက်ဘဲ၊ အဆိုပါ နည်းပညာများမှ တိကျစွာ ဘာသာပြန်ဆိုနိုင်မှုများ လုပ်ဆောင်လာနိုင်စေရန် မွမ်းမံပြင်ဆင်မှု များစွာဆောင်ရွက်ရန် လိုအပ်ပါသည်။ မွမ်းမံပြင်ဆင်ပြီးသည်နှင့်၊ ထိုနည်းပညာများသည် မြန်မာဘာသာစကားဖြင့် စုဆောင်းထားသော အချက်အလက် သန်းပေါင်းများစွာကို အကြမ်းဘာသာပြန်ဆိုပြီး ယန္တရား၏ စိစစ်သုံးသပ်မှုနှင့် အချက်အလက်မျှဝေခြင်းလုပ်ငန်းတွင် အထောက်အကူပေးနိုင်မည် ဖြစ်သည်။ တရားစီရင်ပိုင်ခွင့်ရှိသည့် မိတ်ဖက်များ၏ ဘာသာစကားဆိုင်ရာ လိုအပ်ချက်များအတိုင်း အချက်အလက်များကို ဘာသာပြန်မျှဝေရန်အတွက် စက်ဖြင့်ဘာသာပြန်ဆိုမှု နည်းကိရိယာကို အသုံးချနိုင်မည်ဟု မျှော်လင့်ပါသည်။ သို့သော် ဤကိစ္စသည် ယန္တရား၏ ရရှိနိုင်သောအရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များပေါ်တွင် မူတည်သည်။

၆၁။ နောက်ဆုံးအနေဖြင့်၊ ယန္တရားသည် ဆိုရှယ်မီဒီယာ၊ ဆက်သွယ်ရေးနှင့် မက်ဆေ့ချ် ပို့သည့် စနစ်အမျိုးမျိုးမှ အချက်အလက်များကို ထုတ်ယူထိန်းသိမ်းရန် ယခင်က ပြုလုပ်ဖန်တီးသုံးစွဲခဲ့သော နည်းပညာဖြေရှင်းချက်များကို ပိုမိုကောင်းမွန်အောင် ဆက်လက်မွမ်းမံခဲ့သည်။ စုဆောင်းထိန်းသိမ်းထားသည့် အချက်အလက်များ၏ ရှုပ်ထွေးမှုများ ပြောင်းလဲလာခြင်း နှင့်အတူ ၎င်းတို့ကို စီမံသည့် နည်းပညာများသည်လည်း ပြောင်းလဲတိုးတက်ရန်လိုအပ်သည်။ ဤ နည်းပညာ ဖြေရှင်းမှုအသစ်များနှင့် ပလက်ဖောင်းများကြောင့် ယန္တရားမှယခင်က အသုံးပြု၍မရခဲ့သော အချက်အလက်များကို ပြန်စစ်ဆေးစုဆောင်းပြီး စိစစ်သုံးသပ်လာနိုင်သည်။

## VI. စိန်ခေါ်မှုများနှင့် ထပ်လောင်းပံ့ပိုးရမည့် ကဏ္ဍများ

၆၂။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ယန္တရားသည် မတူညီသောရှုပ်ထွေးမှု ပုံစံအမျိုးမျိုး ဖြင့် စိန်ခေါ်နေသော ပတ်ဝန်းကျင်တွင် လုပ်ငန်းများ ပိုမိုလုပ်ဆောင်နေသည်။ အဆိုပါ စိန်ခေါ်မှု များတွင် မှုခင်းဖြစ်ပွားသည့်နေရာများနှင့် မျက်မြင်သက်သေများထံ ဝင်ခွင့်မရှိခြင်းနှင့် ယန္တရားသို့ သတင်းအချက်အလက်ပေးသူ တစ်ဦးချင်းစီ၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ပါဝင်ပါ သည်။ လာမည့်အစီရင်ခံသည့်ကာလတွင် ယန္တရားသည် နိုင်ငံတွင်း ဖြစ်ပေါ်တိုးတက်မှုများကို အနီးကပ် ဆက်လက်စောင့်ကြည့်ပြီး၊ လက်ရှိမြန်မာအာဏာပိုင်များထံ သတင်းအချက်အလက်၊

အကူအညီနှင့် နိုင်ငံတွင်းဝင်ရောက်ခွင့်များတောင်းခံရန် ဆက်သွယ်ဆောင်ရွက် သွားမည်ဖြစ်သည်။

၆၃။ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ခွင့်မရခြင်းကြောင့် ယန္တရားသည် အာရှ-ပစိဖိတ်ဒေသရှိ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို အထူးပင်လိုအပ်ပါသည်။ ပြင်းထန်သော အကြမ်းဖက်မှုများကြောင့် မြန်မာနိုင်ငံမှ ထွက်ခွာလာကြသူများသည် များသောအားဖြင့် အိမ်နီးချင်းနိုင်ငံများသို့သွားခြင်း သို့မဟုတ် ထိုနိုင်ငံများမှ ဖြတ်သန်းသွားကြသည်။ ၎င်းတို့ထံမှ ယန္တရား၏ စုံစမ်းစစ်ဆေးမှုများအတွက် တန်ဖိုးမြင့်စေမည့် အလွန်အဖိုးတန်ပြီး အချိန်နှင့်တပြေးညီဖြစ်သော သတင်းအချက်အလက်များ ရနိုင်ဖွယ်ရှိသည်။ အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၇၆/၁၈၀ နှင့် ကောင်စီဆုံးဖြတ်ချက် ၄၉/၂၃၊ ၅၀/၃ နှင့် ၅၂/၃၁ တို့အရ၊ ယန္တရားသည် ၎င်းတို့နယ်မြေအတွင်း စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ လုပ်ဆောင်ရန်ခွင့်ပြုသော အာရှ-ပစိဖိတ် ဒေသရှိ အဖွဲ့ဝင်နိုင်ငံအားလုံး၏ ပံ့ပိုးကူညီမှုကို ကြိုဆိုပါသည်။ ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများနှင့် သဘောတူထားသည့်အတိုင်း အထူးသတိရှိရှိဖြင့် လျှို့ဝှက်စွာလုပ်ဆောင်ပါသည်။ ယန္တရားသည် ဂျီနီဗာ၊ နယူးယောက်နှင့် သက်ဆိုင်ရာနိုင်ငံများတွင် အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များနှင့်လည်း နောက်ထပ်ထိတွေ့ဆက်ဆံမှုများကို ကြိုဆိုပါသည်။

၆၄။ ယန္တရားသည် သက်သေများကို အကာအကွယ်နှင့် ပံ့ပိုးမှုများပေးရာတွင် အရေးကြီးသော အကူအညီများအတွက် အဖွဲ့ဝင်နိုင်ငံများအပေါ် မှီခိုအားထားပါသည်။ ယန္တရားသည် လုံခြုံရေးတပ်များမှ ထွက်ပြေးလာသူများစွာနှင့် အဆက်အသွယ်ရှိသည်။ ၎င်းတို့တွင် ယန္တရား၏ လုပ်ပိုင်ခွင့်ဆိုင်ရာ ရာဇဝတ်မှုများ စုံစမ်းစစ်ဆေးခြင်းကို တန်ဖိုးမြင့်စေသည့် အဖိုးတန်သော "အတွင်းလူ" အထောက်အထားများ ရနိုင်သည်။ ဤအတွင်းလူများသည် မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး တရားဝင်လူဝင်မှုကြီးကြပ်ရေး ခွင့်ပြုချက်မရှိဘဲ အိမ်နီးချင်းနိုင်ငံများသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ကြသည်။ ဤအလားအလာရှိသော သက်သေများသည် ဖမ်းဆီးခံရနိုင်ပြီး မြန်မာနိုင်ငံသို့ပြန်ပို့ခံရမည့် အန္တရာယ်ရှိနေကာ ပြန်ပို့ခံရပါက ၎င်းတို့သည် နှိပ်စက်ညှဉ်းပန်းခြင်းနှင့် ချုပ်နှောင်ခံရဖွယ်ရှိသည်။ မြန်မာစစ်တပ်သည် ၎င်းတို့အပေါ် ခြိမ်းခြောက်သူများအား ထောင်သွင်းအကျဉ်းချခြင်းနှင့် အချို့သောကိစ္စများတွင် သေဒဏ်ပေးခြင်းအထိ ဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြသခဲ့ပြီးဖြစ်သည်။ သက်သေများကို ကာကွယ်ပံ့ပိုးမှုပေးရာတွင် လိုအပ်သော ဝန်ဆောင်မှုများရနိုင်ရန် အိမ်နီးချင်းနိုင်ငံများနှင့် အခြားအဖွဲ့ဝင်နိုင်ငံများ၏ အရေးကြီးသော ကူညီပံ့ပိုးမှုများ လိုအပ်ပါသည်။

၆၅။ မြန်မာဘာသာစကားများကို ဘာသာပြန်ဆိုနိုင်မှု စွမ်းဆောင်ရည်ရှိရေးသည် ယန္တရား၏ စုဆောင်းမှုနှင့် စိစစ်သုံးသပ်မှု လုပ်ငန်းများအတွက် အရေးကြီးသောစိန်ခေါ်မှုတစ်ခုဖြစ်သည်။ မြန်မာဘာသာဖြင့် အထောက်အထား ပမာဏများစွာ စုဆောင်းထားပြီး ယင်းတို့ကို သင့်လျော်ကောင်းမွန်စွာ သုံးသပ်ပြီး ခွဲခြမ်းစိတ်ဖြာနိုင်ရေးအတွက် ယန္တရားသည် လာမည့်အစီရင်ခံမှုကာလတွင် ၎င်း၏ဘာသာစကားစွမ်းရည်ကို တိုးမြှင့်ရန် လိုအပ်မည်ဖြစ်သည်။

ၛင်းကို တစ်စိတ်တစ်ပိုင်းအားဖြင့် အရင်းအမြစ်ထပ်တိုးခြင်းမှ တစ်ဆင့် လုပ်ဆောင်နိုင်ပြီး၊ စက်ဖြင့်ဘာသာပြန်ဆိုခြင်းနည်းပညာကို ဆက်လက် မွမ်းမံဖော်ဆောင်ခြင်းဖြင့်လည်း လုပ်ဆောင်နိုင်သည်။ ဉာဏ်ရည်တုနည်းပညာကို အသုံးပြု၍ ဒစ်ဂျစ်တယ်ဖိုင်များမှ မြန်မာစာများကို အင်္ဂလိပ်သို့ ဘာသာပြန်ဆိုသည့် နည်းပညာ မရှိသေးခြင်း သို့မဟုတ် အခြားဘာသာစကားများကဲ့သို့ နည်းပညာမဖွံ့ဖြိုးသေးသောကြောင့် ဘာသာပြန်ရာတွင် အဆိုပါနည်းပညာကို အသုံးပြုခြင်းမှာ စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေသည်။

၆၆။ နောက်ဆုံးအနေဖြင့်၊ ယန္တရား၏ ရှုပ်ထွေးသော လုပ်ငန်းများကိုဆောင်ရွက်ရန် သတင်းအချက်အလက်နည်းပညာ၊ ပွင့်လင်းသတင်းရင်းမြစ် သုတေသနနှင့် ခွဲခြမ်းစိတ်ဖြာမှု၊ ဘဏ္ဍာရေးစုံစမ်းစစ်ဆေးမှုများကဲ့သို့သော နယ်ပယ်များတွင် အထူးကျွမ်းကျင်သော ပုဂ္ဂိုလ်များ ဆက်လက်လိုအပ်မည်ဖြစ်သည်။ ယန္တရား၏ စုံစမ်းစစ်ဆေးရေးဗျူဟာတွင် ပါဝင်သည့် ဤလုပ်ငန်းများကို စေတနာဖြင့် ပံ့ပိုးကူညီမှုများကိုလည်း ဆက်လက်ထိန်းထားရန် မရှိမဖြစ်လိုအပ်ပါသည်။ ယန္တရားသည် အနာဂတ်တွင် အဆိုပါလုပ်ငန်းများအတွက် ရေရှည်အထောက်အပံ့ရနိုင်ရန် အပိုဘတ်ဂျက်ငွေရရှိရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး၊ စုံလင်သော အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုကို ကြိုဆိုပါသည်။

## VII. နိဂုံးချုပ်

၆၇။ **ဤအစီရင်ခံကာလအတွင်း၊ ယန္တရားသည် ၂၀၁၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများနှင့် ဥပဒေချိုးဖောက်မှုများအတွက် ကျူးလွန်သူများ၏တာဝန်ခံမှုနှင့် တရားမျှတမှုဖြစ်ထွန်းလာရေး ရည်မှန်းချက်ထားလုပ်ဆောင်ရာတွင် အရေးကြီးသောတိုးတက်မှုများ ဆက်လက်ရရှိခဲ့သည်။ ယခုအခါ ယန္တရားသည် ရိုဟင်ဂျာများအပေါ် ကျူးလွန်သောရာဇဝတ်မှုများနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် တရားစွဲဆိုမှုများကို ဆက်လက်လုပ်ဆောင်နေသည့် တရားစီရင်ပိုင်ခွင့်ဌာနသုံးခုကို ကူညီပံ့ပိုးပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် စစ်တပ်မှ အာဏာသိမ်းပြီးကတည်းက နိုင်ငံတကာရာဇဝတ်မှုများ သိသိသာသာတိုးမြင့်လာပြီး ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ငန်းပိုင်းဆိုင်ရာ စိန်ခေါ်မှုများရှိသော်လည်း ယန္တရား၏ ကြိုးပမ်းမှုအစုစုသည် အကြီးလေးအပြင်းထန်ဆုံး နိုင်ငံတကာရာဇဝတ်မှုများနှင့် ထိုရာဇဝတ်မှုများအတွက် တာဝန်အရှိဆုံး ပုဂ္ဂိုလ်များနှင့် သက်ဆိုင်သည့် အချက်အလက်အားလုံးကို စုဆောင်း စိစစ်သုံးသပ်ခြင်းများ လုပ်ဆောင်ရာတွင် အရှိန်ရနေပြီဖြစ်သည်။**

**၆၈။ သက်သေများ၊ ကျူးလွန်ခံရသူများ၊ အသက်ရှင်ကျန်ရစ်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ အပါအဝင် အမျိုးမျိုးသောမိတ်ဖက်များနှင့် ပါဝင်ပတ်သက်သူများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့်**

ပံ့ပိုးကူညီမှုဖြင့် ယန္တရားသည် အကန့်အသတ်ရှိသော အရင်းအမြစ်များကို ထိထိရောက်ရောက် မဟာဗျူဟာကျကျ အသုံးချရန် အတတ်နိုင်ဆုံး ကြိုးပမ်းအားထုတ်ခဲ့သည်။ ရှေ့အနာဂတ်တွင်၊ ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် အကြီးလေးဆုံးသော နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ အထောက်အထားများ စုဆောင်းမှုကို အရှိန်မြှင့်လုပ်ဆောင်ရန် စီစဉ်ထားသည်။ ၎င်းပြင် ထိုကဲ့သို့သော ရာဇဝတ်မှုများတွင် တာဝန်ခံမှုဖြစ်ထွန်းလာရေးအတွက် ရည်ရွယ်လုပ်ဆောင်နေသော စုံစမ်းစစ်ဆေးရေး၊ တရားစွဲတင်ဆောင်ရွက်ရေးနှင့် တရားရေးဆိုင်ရာ အာဏာပိုင်များနှင့် မျှဝေနိုင်ရန် ယန္တရား၏ စိစစ်သုံးသပ်ချက်နှင့် အမှုဖိုင်များပြင်ဆင်မှု ပိုမြန်ဆန်လာရန်လည်း ကြိုးပမ်းသွားမည်။ ယန္တရားသည် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ တရားစီရင်ရေးအာဏာပိုင်များကို ပံ့ပိုးကူညီရန်အတွက် သတင်းအချက်အလက်နှင့် အထောက်အထားများကို ပိုမိုထိရောက်စွာ ခွဲခြမ်းစိတ်ဖြာနိုင်စေမည့် ဆန်းသစ်သောနည်းပညာများကို ဆက်လက်ရှာဖွေသုံးစွဲသွားမည် ဖြစ်ပါသည်။ ယန္တရားသည် စုဆောင်းရရှိသည့် သတင်းအချက်အလက်များကို စိစစ်သုံးသပ် ခွဲခြမ်းစိတ်ဖြာနိုင်စေရန် အတွက် မြန်မာနိုင်ငံသုံးဘာသာစကားအမျိုးမျိုးတွင် ကျွမ်းကျင်မှုစွမ်းရည်ကို ဆက်လက်၍ ဖွံ့ဖြိုးအားကောင်း အောင်လုပ်ဆောင်သွားမည်။ သက်သေခံများ၏ ဘေးကင်းရေးနှင့် ကျန်းမာရေးအတွက် သေချာစွာ အကာအကွယ်ပေးသွားမည်။ လူမှုကွန်ရက် ပွင့်လင်းသတင်းရင်းမြစ်များနှင့် ငွေကြေးဆိုင်ရာ အချက်အလက်များကို စိစစ် သုံးသပ်မည်။ လိင်နှင့် ကျားမအခြေပြု ရာဇဝတ်မှုများနှင့် ကလေးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမည်။ အသက်ရှင်ကျန်ရစ်သူနှင့် ကျူးလွန်ခံရသူအဖွဲ့များ၊ ဒေသခံ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပိုမို စနစ်ကျစွာ ထိတွေ့ဆက်ဆံမည်။

၆၉။ အထက်ပါပန်းတိုင်များကို အကောင်အထည်ဖော်နိုင်ရန်၊ လူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များနှင့်အညီ၊ ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အခြားပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေ ရန် ရရှိနိုင်သောအခွင့်အလမ်းအားလုံးကို ဆက်လက်ရယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အထူးသဖြင့် အာရှ-ပစိဖိတ်ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများ၏ ပြည့်ဝပြီးအဓိပ္ပါယ်ရှိသော ပူးပေါင်း ဆောင်ရွက်မှုသည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုဖြစ်ထွန်းလာရေးနှင့် အဖွဲ့ဝင် နိုင်ငံများ၏ ရည်မှန်းချက်ဖြစ်သော မြန်မာနိုင်ငံတွင်း တိုးများလာနေသည့် အကြမ်းဖက်မှုနှင့် ပဋိပက္ခများအတွက် ရေရှည်တည်တံ့သောဖြေရှင်းမှုများ ရရှိလာစေရန် မရှိမဖြစ် ဆက်လက် လိုအပ်ပါသည်။